# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၃) ရက် ၊ အင်္ဂါနေ့ ၊ (4-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်နေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား၊ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၅၃၆၇၁၃ ဦး အပ်နှံပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၁၈ ကော်လံ ၁**



**မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှုကို တွေ့ရစဉ်။**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မန္တလေးတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ စာမျက်နှာ - ၁၆

ယခုဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်နယ်အတွင်း ဝန်ထမ်းအိမ်ရာများတည်ဆောက်ပေးသွားမည် စာမျက်နှာ - ၃

ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်ရောင်းချနေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ စာမျက်နှာ - ၂၂




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၄ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီများ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး

ယနေ့ကမ္ဘာတွင် ကော်ဖီသည် ကုန်စည်ဈေးကွက်တွင် အရေးပါသည့်တန်ဖိုးမြင့်သီးနှံဖြစ်လာသည်။ ကော်ဖီစိုက်ပျိုးမှုကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကစိုက်ပျိုးကြပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းများသကဲ့သို့ နိုင်ငံခြားဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်သည့်လုပ်ငန်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံဖြစ်သော မြန်မာနိုင်ငံအပါအဝင် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့တွင်လည်း ကော်ဖီကို ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ်စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၊ ချင်းပြည်နယ် တီးတိန်မြို့နှင့် ရှမ်းပြည်နယ် ရွာငံမြို့တို့တွင် ကော်ဖီစိုက်ပျိုးမှုလုပ်ငန်းကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကော်ဖီသည် စိုက်ပျိုးသည့် ရေ၊ မြေ၊ ရာသီဥတု ပထဝီအနေအထားတို့ကိုလိုက်၍ ကော်ဖီစေ့၏ အနံ့အရသာတို့ အမျိုးမျိုးကွဲပြားခြားနားသည်။ ကမ္ဘာပေါ်တွင် ကော်ဖီမျိုးရင်းအများအပြားရှိသော်လည်း အာရေဘီကာနှင့် ရိုဘတ်စတာ မျိုးရင်းနှစ်မျိုးကိုသာ အဓိကစိုက်ပျိုးထုတ်လုပ်ကြသည်။ အာရေဘီကာကော်ဖီသည် ၎င်း၏မွှေးပျံ့သောအနံ့နှင့်ကောင်းမွန်သည့်အရသာကြောင့် မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာပါ အများဆုံးစိုက်ပျိုးကြသည်။ ပြင်ဦးလွင်နှင့် ရွာငံတို့မှထွက်ရှိသည့် မြန်မာ့အာရေဗီကာကော်ဖီသည် ကမ္ဘာ့အဆင့်မီသဖြင့် ဈေးကောင်းရရှိလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်တွင် မေ ၃၀ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြင်ဦးလွင်မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးမှာကြားရာတွင် **"မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် အရည်အသွေးကောင်းမွန်သည့် ကော်ဖီများဖြစ်သဖြင့် နိုင်ငံ၏ထုတ်ကုန်တစ်ခုအဖြစ် စီးပွားဖြစ်ထုတ်လုပ်သွားနိုင်ရန်လိုပြီး အရည်အသွေးကောင်းမွန်သည့် ကော်ဖီကုန်ကြမ်းများ အရေအတွက်များများထွက်ရှိစေရေး စိုက်ကေအလိုက် အပြည့်အဝစိုက်ပျိုး၍ ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ကော်ဖီထွက်ကုန်များကို ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက စီးပွားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားသွားခဲ့သည်။

ကော်ဖီသည် နှစ်ရှည်သီးနှံဖြစ်ပြီး ကမ္ဘာတစ်ဝန်းသောက်သုံးကြသည့်အတွက် အခိုင်အမာဈေးကွက်ရှိသောသီးနှံဖြစ်ပြီး အောင်မြင်အောင်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ကော်ဖီသည် နိုင်ငံအတွက်သာမက ဒေသအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းတစ်ခုဖြစ်သည်။ လက်ရှိ မြန်မာ့ကော်ဖီကို ပြည်ပဈေးကွက် ဝယ်လိုအားကောင်းကာ တောင်းဆိုမှုများလာသဖြင့် ယခုလို မိုးကာလသစ်ပင်စိုက်ပျိုးရာသီတွင် အရည်အသွေးကောင်းကော်ဖီမျိုးများကို ထပ်မံတိုးချဲ့စိုက်ပျိုးကြသင့်ပေသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေပိုမိုရရှိလာပြီး ကော်ဖီစိုက်တောင်သူများနှင့် လုပ်ငန်းရှင်များအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့အဆင့်မီ မြန်မာ့ကော်ဖီများ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် တန်ဖိုးမြင့်ကော်ဖီသီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ကော်ဖီစိုက်ပျိုးသူများအနေဖြင့်လည်း ယခုကဲ့သို့ မိုးကာလသစ်ပင်စိုက်ပျိုးရာသီတွင် အရည်အသွေးကောင်း ကော်ဖီမျိုးများကို ရေရှည်စီမံကိန်းဖြင့် ထပ်မံတိုးချဲ့စိုက်ပျိုးသင့်ပါသည်။ ထို့ပြင် အရည်အသွေးမြင့် မြန်မာ့ကော်ဖီများ ကမ္ဘာ့ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် နေရာရရှိလာရေးအတွက် မြန်မာ့ကော်ဖီထုတ်လုပ်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက အတူပူးပေါင်းအားထုတ်ကြိုးပမ်းကြခြင်းဖြင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်တွင် ယခုထက်ပိုနေရာအခိုင်အမာ ရရှိလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ငါးကျောင်း တိုးမြှင့်ဖွင့်လှစ်ထား




**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ငါးကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး စီမံကိန်းကြီးကြပ်အကဲဖြတ်ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချိုက ပြောပြ၍ သိရသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ငါးကျောင်းဖွင့်လှစ်ပေးခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်လည်း အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ငါးကျောင်းကို ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း၊ အမရပူရမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပလစ (၂)၊ ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ မြင်းခြံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့ကို ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

"Grade-9 အောင်မြင်ပြီး အလယ်တန်းဆင့်ပြီးတာနဲ့ ပညာဆက်လက်သင်ယူခွင့် ရရှိအောင် အခွင့်အလမ်းပေးတဲ့အနေနဲ့ ဖွင့်လှစ်ပေးတဲ့ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေ တိုးမြှင့်ဖွင့်လှစ်ပေးတာပါ။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ တစ်နိုင်ငံလုံးအနေနဲ့ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းပေါင်း ၅၁ ကျောင်းရှိခဲ့ပါတယ်။ အခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ထပ်တိုးချဲ့ဖွင့်လှစ်ပေးခဲ့တဲ့အတွက် စုစုပေါင်း ၈၅ ကျောင်းရှိတယ်လို့သိရပါတယ်။ တချို့ဆိုရင် အလုပ်တွေရနေပြီ။ လုပ်ငန်းထူထောင်သူတွေလဲ ရှိနေပါပြီ။ ကျောင်းသားတွေအနေနဲ့ ထူးချွန်ရင်ထူးချွန်သလို ဆက်ပြီးတက်ရောက်ခွင့်ရရှိပါတယ်။ ကျောင်းအလိုက်ဆိုရင် စက်မှုဘာသာရပ်မှာ အယောက် ၉၀၊ စိုက်ပျိုးရေးဘာသာရပ်မှာ အယောက် ၃၀၊ မွေးမြူရေးဘာသာရပ်မှာ အယောက် ၃၀ သတ်မှတ်ပြီး လက်ခံနေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး စီမံကိန်းကြီးကြပ်အကဲဖြတ်ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချိုက ပြောပြ၍သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်မှထွက်ရှိပြီး ဝင်ရောက်လာသည့်ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေးသီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေး၌ကုန်လက်ကျန်မရှိသလောက်အရောင်းအဝယ်ကောင်းနေကြောင်း၊ လက်ရှိဂေါ်ဖီထုပ်ဈေးနှုန်းများမှာ တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀ ရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ်က အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသဘက်တွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထုပ်ထွက်ရှိတာ မရှိသေးပါဘူး။ တောင်သူတွေက စိုက်တဲ့သူနည်းပါးလာပါတယ်။ ဈေးကွက်အတွင်းမှာ ရောင်းသူ၊ ဝယ်သူတွေအနေနဲ့ အရောင်းအဝယ်ပိုင်းမှာလဲ ကောင်းပါတယ်။ လက်ရှိမှာ ဒီဈေးကို ဂေါ်ဖီထုပ်ကားတွေ ပုံမှန်ဝင်ရောက်ပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့လဲ ဈေးကောင်းတွေရရှိနေကြပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၃**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်မြေထောက်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့်မြေထောက်ပဲများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"နှမ်းနဲ့မြေထောက်ပဲက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာပါတယ်။ အခုလတ်တလော ကုလားပဲအပြင် မတ်ပဲနဲ့ဂျုံတွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ် ကောင်းမွန်ပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ ပေါက်ဈေးအရ နှမ်းနက်(စပုန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၃၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၃၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၃၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖြူးမြို့နယ်၌ လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲ ကျင်းပ

**ဖြူး ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ဇွန် ၂ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်း ဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှအပိုဝင်ငွေ ရှာဖွေပေးနိုင်သည်ထိ ကြိုးစားသင်ယူစေလိုကြောင်း၊ သင်တန်းလွန်ကာလ အလုပ်အကိုင် ရရှိနိုင်သည်ထိ ချိတ်ဆက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြောင်း၊ သင်တန်းကို ကျွမ်းကျင်နည်းပြဆရာက ဇွန် ၂ ရက်မှ ဇွန် ၂၁ ရက်ထိ စာတွေ့လက်တွေ့ဖြင့် ရက် ၂၀ ကြာ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ရဲမွန်တောင်ရပ်နေ ဦးနီနီ-ဒေါ်လူစီ မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၁၁၀၆၉ ကေ ရိတ်သိမ်းပြီးစီး



**ကလေး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၁၁၀၆၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၀၆၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၉ ဒသမ ၂၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ကလေးခရိုင်မှာ ကုလားပဲ ၁၁၀၆၉ ကေစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ကုလားပဲစိုက်ခင်းတွေအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ကြပါတယ်။ ကုလားပဲစိုက်ပျိုးမှုကတော့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ကုလားပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၉၈၃၁ ကေ၊ ကလေးဝမြို့နယ်တွင် ကေ ၈၀ နှင့်မင်းကင်းမြို့နယ်တွင် ၁၁၅၈ ကေ စုစုပေါင်း ၁၁၀၆၉ ကေဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၅၇ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၁၀၆၉ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးပြီး ကုလားပဲ တစ်ကေစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကာ တစ်ကေလျှင် ၁၉ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ထံမှ သိရသည်။

(၂၀၆)

# ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျဉ်းမနား ဇွန် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသာကျေးရွာအုပ်စု မြောက်လွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက မြောက်လွတ်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့်ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြောက်လွတ်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၆၂သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြောက်လွတ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၉၂ ဦးကို ရန်ပုံငွေကျပ် ၃၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။

**မောင်နိုင်**

# ယခုဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်နယ်အတွင်း ဝန်ထမ်းအိမ်ရာများတည်ဆောက်ပေးသွားမည်

**မြစ်ကြီးနား ဇွန် ၃**


ယခုဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ပြည်နယ်အတွင်း ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဝန်ထမ်းအိမ်ရာများကို မြစ်ကြီးနားမြို့၊ ချီဖွေမြို့၊ တနိုင်းမြို့တို့တွင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ တည်ဆောက်ပေးရာ၌ မြစ်ကြီးနားမြို့တွင် ပြည်နယ်ရုံးဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် RC ဝန်ထမ်းအိမ်ရာ အဆောက်အအုံတစ်လုံး၊ ချီဖွေမြို့တွင် ခရိုင်အရာထမ်းအိမ်ရာ နှစ်ခန်းတွဲ သုံးထပ် RC အရာထမ်းအိမ်ရာ အဆောက်အအုံတစ်လုံးနှင့် တနိုင်းမြို့တွင် ခရိုင်အရာထမ်းအိမ်ရာ နှစ်ခန်းတွဲ သုံးထပ် RC အရာထမ်းအိမ်ရာ အဆောက်အအုံ တစ်လုံး တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာစီမံကိန်းလုပ်ငန်းများကို ငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်း ၂၀၀ အထက်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ကြောင်း၊ အဆိုပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ယခုနှစ်ဇွန်လအတွင်း မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် အဆိုပါ ဝန်ထမ်းအိမ်ရာကိစ္စနှင့်ပတ်သက်၍ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ချမ်းချမ်း**



# နေရာများပြောင်း ရေဖောင်ဖောင်

**ပါမောက္ခကိုကိုအောင်**



ကမ္ဘာ့ပြည်သူများ၏ ရှင်သန်ရပ်တည်ခြင်း လူမှုဘဝများကို ခြိမ်းခြောက်အန္တရာယ်ပြုနေသော သဘာဝဘေးအန္တရာယ်များသည် ကပ်ဆိုးကြီး ကျရောက်လာသည့်နှယ် ညှာတာခြင်းတရားကင်းမဲ့စွာ လူသားမျိုးဆက်တို့၏ ပစ္စုပ္ပန်ဘဝများနှင့် အနာဂတ်ကိုပါ ဖျက်လိုဖျက်ဆီးလုပ်ဆောင်လျက်ရှိနေကြသည်။ ထိုထိုသော သဘာဝဘေးအန္တရာယ်များအနက် ရေလွှမ်းမိုးမှုဖြစ်စဉ်များသည် နံပါတ်တစ်မဟုတ်သည့်တိုင် ထိပ်ဆုံးနေရာက မားမားမတ်မတ်ရပ်လျက်ရှိနေသည်။

အရပ်ဒေသတချို့၌ ရေဖောင်နေသောမြင်ကွင်းများကိုတွေ့မြင်ကြည့်ရှုနေကြရသူတို့က စိတ်မသက်မသာဖြစ်ခြင်းကို ခံစားကြရသကဲ့သို့ မိမိတို့၏ အသိုက်အမြုံဖြစ်သော နေအိမ်များကိုစွန့်ခွာလျက် ရေဘေးလွတ်ရာသို့ အသက်လုကာ ပြေးလွှားတိမ်းရှောင်နေရသူတို့၏ဘဝများကလည်း အလွန်တရာ ပင်ပန်းဆင်းရဲကြသည်။ ထိုသို့ ပြေးလွှားရှောင်တိမ်းရင်း မမျှော်လင့်ဘဲ အသက်ဆုံးရှုံးခဲ့ကြရသည်များ ရှိသလိုပင် ရုတ်တရက် ရေကြီးရေလျှံဖြစ်မှုကြောင့် ပြေးလွှားရှောင်တိမ်းရန်ပင် အချိန်မရတော့ဘဲ အသက်ပေးလိုက်ရသည့်ဖြစ်ရပ်များစွာတို့ကလည်း ကာယကံရှင်မိသားစုများအတွက် ဖြေမဆည်နိုင်စရာများပင်ဖြစ်တော့သည်။

ရေဖောင်စေသော အကြောင်းရင်းအမျိုးမျိုးရှိကြသည့်အနက် မိုးရာသီ၌ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အချိန်အခါမဟုတ် မိုးသည်းခြင်းများကလည်း တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။ အတိတ်ကာလတစ်လျှောက်လုံး၌ ကမ္ဘာ့ဒေသများတွင် ရေဖောင်သောဖြစ်ရပ်များ အများအပြားရှိခဲ့သည့်အားလျော်စွာ ထိုဖြစ်ရပ်များ ပေါ်ပေါက်လာရခြင်း၏ အခြေခံအကြောင်းရင်း ဇာစ်မြစ်များအားလုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် အောက်ပါအတိုင်းတွေ့ရှိကြရမည်ဖြစ်သည်။

(က) ရေကြီးခြင်း၊
(ခ) မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊
(ဂ) မုန်တိုင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းလုံးကြီးများ ရိုက်ခတ်ခြင်း၊
(ဃ) ဆည်နှင့်တမံများ ကျိုးပေါက်ပြိုပျက်ခြင်း၊
(င) ဆူနာမီဖြစ်ပေါ်ခြင်း၊
(စ) ရေခဲပြင်များ အရည်ပျော်နှုန်းမြန်ဆန်လာခြင်း၊
(ဆ) ရေခဲအိုင်များ ပေါက်ကွဲခြင်း၊
(ဇ) ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊

မုတ်သုံလေအား အလွန်ကောင်းသည့်အခါ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးရွာသွန်းမှုအချိန်ကာလရှည်ကြာခြင်းများဖြစ်ပေါ်မှုကြောင့် ရေဝေဒေသအသီးသီးမှ ထုထည်ပမာဏများပြားလှသော မိုးရေများ အလုံးအရင်းနှင့်စီးဝင်လာပြီး အချိန်တိုအတွင်းတွင်ပင် မြစ်ရေများလျှံတက်ကာ ပတ်ဝန်းကျင်ဒေသများ၌ ရေလွှမ်းမိုးမှုကို ဖြစ်ပေါ်လာစေသည်။

ကမ်းလွန်ပင်လယ်ပြင်များနှင့် ပင်လယ်အော်များ၌ ဖြစ်တည်လာသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းအဖြစ်သို့ အသွင်ပြောင်းပြီး ကုန်းတွင်းပိုင်းသို့ ဖြတ်သန်းဝင်ရောက် တိုက်ခတ်သည့်အခါ မုန်တိုင်း၏ အရှိန်သက်ရောက်ရာ မြို့ရွာဒေသများ၌ မိုးသည်းထန်စွာရွာသွန်းစေပြီး ရေလွှမ်းမိုးမှုကို ဖြစ်ပေါ်လာစေနိုင်သည်။ တစ်ခါတစ်ရံ၌ ရက်သတ္တတစ်ပတ်မျှထိပင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုရက်ကာလကြာရှည်ကာ နေအိမ်အဆောက်အအုံများပျက်စီးမှောပါခြင်း၊ လူ့အသက် ဆုံးရှုံးရမှုနှင့် ပျောက်ဆုံးမှုများဖြစ်ပေါ်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေနစ်သေဆုံးခြင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများ အကြီးအကျယ် ပျက်စီးဆုံးရှုံးခြင်းများနှင့်ပင် ကြုံတွေ့ကြရသည်။

မုန်တိုင်းဖြစ်ပေါ်သည့်အခါ မုန်တိုင်းအစပြုတိုက်ခတ်ရာ ပင်လယ်ပြင်၌ ရောမလှိုင်းလုံးကြီးများကို ဖြစ်ပေါ်စေကာ ပင်လယ်ကမ်းခြေဆီသို့ အလုံးအရင်းနှင့် ဝင်ရောက်မှုကြောင့် ကမ်းခြေဒေသရှိ ကုန်းတွင်းဧရိယာအများအပြား ရေလွှမ်းမိုးခြင်းခံရကာ ကမ်းခြေမြို့ငယ်နှင့်ရွာကလေးများ အလုံးစုံပျက်သုဉ်းမှုဖြစ်ပေါ်ကြရသည်။ ဖြစ်စဉ်တချို့၌မူ မုန်တိုင်းမဖြစ်ပေါ်သည့်တိုင် လေပြင်းတိုက်ခတ်မှုပြင်းထန်သည့်အခါများ၌လည်း လေတိုက်ခတ်နှုန်းအလွန်မြင့်မားမှုကြောင့် ကမ်းခြေမြို့ရွာများဆီသို့ ဒီရေလှိုင်းကြီးများ ရိုက်ခတ်ကာ ရေလွှမ်းမိုးခြင်းကိုခံကြရသည်။ မုတ်သုံလေအားကောင်းသော မိုးရာသီကာလ၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့်ဖြစ်စေ၊ ရာသီဥတုရုတ်ခြည်းဖောက်ပြန်ပြောင်းလဲမှုကြောင့် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းသောအခါ၌ဖြစ်စေ အကြိမ်ကြိမ် ပြည့်လျှံတက်လာသော မိုးရေများကြောင့်သို့တည်းမဟုတ် ရေပြည့်လျှံနေမှု ရက်ကာလကြာညောင်းလာခြင်းကြောင့် ဆည်၏ခိုင်ခံ့တောင့်တင်းမှုကို ထိပါးလာနိုင်သည့်အရေးနှင့်ကြုံရသည့်အခါ ဆည်အိုဆည်ဟောင်းများနှင့် အရည်အသွေးစံမမီသော ဆည်များ၌ ရေဖိအားကိုလျှော့ချနိုင်ရန် ဆည်ရေများကို ဖောက်ထုတ်ခြင်းကြောင့် မြေပြန့်လွင်ပြင်များနှင့် မြစ်ချောင်းများ၌ ရေမျက်နှာပြင် အဆမတန်မြင့်တက်လာကာ ရုတ်တရက်ရေလွှမ်းမိုးမှုကြီး ဖြစ်ပေါ်လာနိုင်သည်။ အကယ်၍ ထိုအခြေအနေမျိုး၌ ဆည်တမံများ ကျိုးပေါက်ပြိုပျက်သွားမည်ဆိုလျှင်မူကား ဖြစ်ပေါ်လာမည့် ရေလွှမ်းမိုးမှုကြီးက မတွေးဝံ့စရာပင်ဖြစ်တော့သည်။

အင်အားပြင်း မြေငလျင်ကြီးများ လှုပ်ခတ်မှုကြောင့် ပင်လယ်ကြမ်းပြင်၌ ကွဲအက်မှုကြီးဖြစ်ပေါ်သည့်အခါမျိုး၌လည်း ဆူနာမီဖြစ်ပေါ်နိုင်ပြီး အကယ်၍ ဆူနာမီဖြစ်ပေါ်ခဲ့လျှင် အလျားအလွန်ကျယ်ပြန့်ပြီး မြန်နှုန်းအလွန်မြင့်မားသော ရောမဆူနာမီလှိုင်းတံပိုးကြီးများက ဦးတည်ရွေ့လျားရောက်ရှိရာ ကမ်းခြေဒေသများကို အလွန်ကြီးမားသော ရေလွှမ်းမိုးမှုကြီးဖြစ်ပေါ်စေခြင်းဖြင့် တစ်ခဏအတွင်းတွင်ပင် ဖျက်ဆီးပစ်လိုက်လိမ့်မည်ဖြစ်သည်။

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းသည် အစဉ်သဖြင့် ခဲနေသော ဝင်ရိုးစွန်းရေခဲလွှာများနှင့် တောင်ထိပ်ရေခဲပြင်ကြီးများကို အရည်ပျော်ကျနှုန်းမြင့်မားလာစေသောကြောင့် ရေခဲပြင်တစ်ဖြစ်လဲ ရေချိုထုထည်ပမာဏအများအပြား အဆက်မပြတ်စီးဆင်းလာမှုကြောင့်လည်း ရေလွှမ်းမိုးမှုကြီးများကို ဖြစ်ပေါ်လာစေနိုင်သည်။

ထို့အတူ အိုက်စလန်ကျွန်းပေါ်ရှိ မီးတောင်ရှင်များ၏ထိပ်ပေါ်၌ သဘာဝအလျောက်ဖြစ်ပေါ်တည်ရှိနေသည့် ရေခဲအိုင်များကဲ့သို့သော မီးတောင်ထိပ်ရေခဲအိုင်များသည် မီးတောင်ပေါက်ကွဲပွင့်အန်သည့်အခါ ဆက်စပ်ပေါက်ကွဲမှုဖြစ်ပေါ်ပြီး ရေခဲအိုင်တစ်ဖြစ်လဲ ဆူပွက်နေသည့်ရေများက မြေသားနံရံများကို ထိုးဖောက်ဖြတ်သန်း စီးဆင်းလာခြင်းများကြောင့်လည်း မီးတောင်ဝန်းကျင်အနိမ့်ပိုင်းဒေသများ၌ ရောမရေလွှမ်းမိုးမှုကြီးဖြစ်ပေါ်လာနိုင်သည်။

အလားတူပင် ကမ္ဘာကြီးပိုမိုပူနွေးလာမှုဖြစ်စဉ်ကြီး၏ အကျိုးဆက်အဖြစ် ပင်လယ်ရေမျက်နှာပြင်တဖြည်းဖြည်း မြင့်တက်လာခြင်းကြောင့် မော်လ်ဒိုက်ကဲ့သို့သော ကျွန်းစုနိုင်ငံများကို ရေလွှမ်းမိုးမှုများ ကြိမ်ဖန်များစွာဖြစ်ပေါ်လာစေနိုင်သည်။ ယခုအခါ မော်လ်ဒိုက်ကျွန်းစုများ၊ မာရှယ်ကျွန်းစုများနှင့် ပစိဖိတ်သမုဒ္ဒရာကျွန်းစုများသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းကြောင့် အကြိမ်ပေါင်းများစွာသော ရေလွှမ်းမှုကြီးများကို ထိပ်တိုက်ရင်ဆိုင်နေကြရသည်။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ရေဖောင်သောဖြစ်ရပ် အများအပြားဖြစ်ပေါ်ခဲ့သည့်အနက် ပျက်စီးဆုံးရှုံးမှု အလွန်ကြီးမားပြီး ကြောက်မက်ဖွယ်အလွန်ကောင်းသည့် ရေလွှမ်းမိုးမှု ဖြစ်ရပ်တချို့ကိုလေ့လာသင့်ကြသည်။ တရုတ်နိုင်ငံတွင် ၁၉၅၄ ခုနှစ်က ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှု ဖြစ်စဉ်များကြောင့် လူဦးရေ ၃၀၀၀၀ ခန့် သေဆုံးခဲ့ကြရသလို ၁၉၉၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုကလည်း လူဦးရေ ၂၇၀၀ ကို အသက်ဆုံးရှုံး စေခဲ့ကာ လူသန်းပေါင်းများစွာတို့ကို အိုးအိမ်မဲ့ဖြစ်စေခဲ့သည်။ ထို့အတူ ၁၉၉၈ ခုနှစ်က ဖြစ်ပွားခဲ့သော နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုများကြောင့်လည်း လူဦးရေ ၄၀၀၀ ကျော် သေဆုံးကာ သိန်းနှင့်ချီသော မိသားစုတို့ အတိဒုက္ခရောက်ခဲ့ကြရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌လည်း ၁၉၇၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုများကြောင့် လူဦးရေ ၃၀၀၀၀ ခန့် သေဆုံးခဲ့ကြရသလို ၁၉၉၁ ခုနှစ် နိုင်ငံအနှံ့ရေကြီးမှုဖြစ်စဉ်များကြောင့်လည်း လူဦးရေ ၁၄၀၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရသည်။

အလားတူပင် ၁၉၉၈ ခုနှစ်အတွင်းက ကိုရီးယားနိုင်ငံ၌ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုဖြစ်စဉ်များသည် လူဦးရေ ၄၀၀ ခန့်ကို အသက်ဆုံးရှုံးစေခဲ့သလို ထိုနှစ်ထဲ၌ ဗီယက်နမ်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုများကလည်း လူဦးရေ ၅၀ ကျော်ကို သေဆုံးစေခဲ့သည်။ ထိုနှစ်ထဲ၌ပင် ပါကစ္စတန်နိုင်ငံ၌ ရေလွှမ်းမိုးမှုကြောင့် လူဦးရေ ၁၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရသလို ဖိလစ်ပိုင်နိုင်ငံ၌ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုကြောင့်လည်း လူဦးရေ ၅၀၀ နီးပါး သေဆုံးခဲ့ကြရသည်။

၁၉၉၈ ခုနှစ်သည် ရေလွှမ်းမိုးမှု အကြီးအကျယ်ဖြစ်ပေါ်သော ပြက္ခဒိန်နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ထိုနှစ်ထဲ၌ ဆူဒန်နိုင်ငံ၌ ရေဘေးကြောင့် လူဦးရေ ၁၄၀၀ သေဆုံးရခြင်း၊ နီပေါနိုင်ငံ ရေဘေးကြောင့် လူဦးရေ ၃၀၀၀ ကျော် သေဆုံးရခြင်း၊ ပါပူအာနယူးဂီနီနိုင်ငံ ရေဘေးကြောင့် လူဦးရေ ၂၂၀၀ အသက်ဆုံးရှုံးရခြင်း၊ ဆလိုဗက်ကီးယားနိုင်ငံ ရေဘေးကြောင့် လူဦးရေ ၅၀ ကျော် သေဆုံးရခြင်း၊ ရိုမေးနီးယားနိုင်ငံ ရေဘေးကြောင့် လူ ၂၅ ဦး သေဆုံးရခြင်း၊ အာဂျင်တီးနားနိုင်ငံ ရေဘေးကြောင့် လူဦးရေ ၂၀ သေဆုံးရခြင်း စသည်တို့သည် ၁၉၉၈ ခုနှစ်၏ ကမ္ဘာ့သတင်းမျက်နှာစာများတွင် အနိဋ္ဌာရုံသတင်းများဖြစ်ခဲ့ရသည်။

ရေလွှမ်းမိုးမှုကြောင့်ဖြစ်ရသော ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို လေ့လာကြည့်လျှင်လည်း ၁၉၉၃ ခုနှစ်က အမေရိကန်ပြည်ထောင်စု မစ်ဇူရီပြည်နယ်၌ ရေလွှမ်းမိုးမှုကြောင့် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံခန့်ဆုံးရှုံးခဲ့ရသလို ၁၉၉၈ ခုနှစ် တရုတ်နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ဆုံးရှုံးခဲ့ရသည်ကိုတွေ့ရှိရမည်ဖြစ်သည်။

ထို့အတူ ၁၉၉၈ ခုနှစ်က ဗဟိုအမေရိကဒေသများ၌ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၅ ခုနှစ် ဂျာမနီနိုင်ငံ ရေဘေးကြောင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံဖိုးဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၈ ခုနှစ် အာဂျင်တီးနားနိုင်ငံ ရေဘေးကြောင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၆ ခုနှစ် အီတလီနိုင်ငံ ရေဘေးကြောင့် အမေရိကန်ဒေါ်လာ ၁ ဒသမ၃ ဘီလီယံဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၈ ခုနှစ် ကိုရီးယားနိုင်ငံ ရေဘေးကြောင့် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော် ဆုံးရှုံးခဲ့ရခြင်းနှင့် ၁၉၈၃ ခုနှစ် ပီရူးနိုင်ငံ ရေဘေးကြောင့် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဆုံးရှုံးခဲ့ရခြင်း၊ ၁၉၇၄ ခုနှစ် ဩစတြေးလျနိုင်ငံ ရေဘေးကြောင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ဆုံးရှုံးခဲ့ရခြင်း၊ ၁၉၉၈ ခုနှစ် ရုရှားနိုင်ငံ ရေဘေးကြောင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ဆုံးရှုံးခဲ့ရခြင်း စသည်တို့သည်လည်း သဘာဝဘေးဆိုးကြီးဖြစ်သော ရေလွှမ်းမိုးခြင်းဖြစ်စဉ်များ၏ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော အကျိုးဆက်များပင်ဖြစ်ပေတော့သည်။

❖ အရပ်ဒေသတချို့၌ ရေဖောင်နေသောမြင်ကွင်းများကိုတွေ့မြင်ကြည့်ရှုနေကြရသူတို့က စိတ်မသက်မသာဖြစ်ခြင်းကို ခံစားကြရသကဲ့သို့ မိမိတို့၏အသိုက်အမြုံဖြစ်သော နေအိမ်များကိုစွန့်ခွာလျက် ရေဘေးလွတ်ရာသို့ အသက်လုကာ ပြေးလွှားတိမ်းရှောင်နေရသူတို့၏ဘဝများကလည်း အလွန်တရာပင်ပန်းဆင်းရဲကြသည်။ ထိုသို့ ပြေးလွှားရှောင်တိမ်းရင်း မမျှော်လင့်ဘဲ အသက်ဆုံးရှုံးခဲ့ကြရသည်များရှိသလိုပင် ရုတ်တရက် ရေကြီးရေလျှံဖြစ်မှုကြောင့် ပြေးလွှားရှောင်တိမ်းရန်ပင် အချိန်မရတော့ဘဲ အသက်ပေးလိုက်ရသည့်ဖြစ်ရပ်များစွာတို့ကလည်း ကာယကံရှင်မိသားစုများအတွက် ဖြေမဆည်နိုင်စရာများပင်ဖြစ်တော့သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ယခုနှစ် ဇွန်လအတွင်းတွင် ဗျူတိန်းနှင့် ပရိုတိန်းများ ရောင်းချပေးသွားမည်



**နေပြည်တော် ဇွန် ၃**

ယခုနှစ်ဇွန်လအတွင်းတွင် ဗျူတိန်းနှင့် ပရိုတိန်းများကို ပုဂ္ဂလိကလုပ်ငန်းများသို့ တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဓာတုဗေဒစက်ရုံစု(သံပုရာကန်)က ထုတ်လုပ်သည့် ဗျူတိန်းနှင့်ပရိုတိန်းရေနံဓာတ်ငွေ့ရည် တန်ချိန် ၁၅၀ ကို ယခုနှစ် ဇွန်လအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ဗျူတိန်းတန်ချိန် ၁၀၀ နှင့် ပရိုတိန်းတန်ချိန် ၅၀ ကို ဇွန် ၁၃ ရက်တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေနံဓာတ်ငွေ့ရည်များကို စွမ်းအင်ဝန်ကြီးဌာနကထုတ်ပေးထားသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ရေနံဓာတ်ငွေ့ရည်လုပ်ငန်း) Type-A, B, C, D, F လက်ဝယ်ရှိသူများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းလိုင်စင်လက်ဝယ်ရှိသူများအနေဖြင့် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းရုံးချုပ် ရုံးအမှတ်(၄၄) နေပြည်တော်သို့ ဆက်သွယ်ဆောင်ရွက်နိုင်သကဲ့သို့ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းကုန်ထုတ်လုပ်မှုဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကို စီမံဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်းတွင် ပေနက်သဲကြောရေနံတွင်းသစ်နှစ်တွင်းကို ပြီးမြောက်အောင် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ တူးဖော်မည့်တွင်းသစ်နှစ်တွင်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ကိုယ်တိုင်တူးဖော်၍ MPRL E&P ကုမ္ပဏီက နည်းပညာနှင့် အတွေ့အကြုံများ မျှဝေကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

SKL

# မလှိုင်မြို့နယ် ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာစေရန်ရည်ရွယ်၍ ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခြောက်ခွဲကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၂ ဒသမ ၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ရှေးနှင့်မတူ

- လယ်တစ်ဧက မျိုးစေ့ချ၍
ဘ စိုက်ပျိုးလည်း အထွက်နည်းသော်
သားကြီးဖိုးချက် ကျောင်းမှထွက်၍
လယ်ကွက်ထဲမှာ ကူရရှာသည်
ဘမှာ မပျော်ရွှင်နိုင်ခဲ့။

- လယ်နှစ်ဧက မျိုးစေ့ချ၍
ဘ စိုက်ပျိုးလည်း အထွက်နည်းသော်
သမီးငေါက်တေး ကျောင်းနှင့်ဝေး၍
ဈေးတောင်းခေါင်းမှာ တင်ရရှာသည်
ဘမှာ မပျော်ရွှင်နိုင်ခဲ့။

- သမားရိုးကျ ရှေးခါကတည့်
ဘတို့ ရွာသား လယ်သမားတို့
ဦးဖျားဆံကျွတ် ချွေးစွတ်စွတ်နှင့်
ဒူးညွတ်ပျော့ခွေ ကြိုးပါပေလည်း
ဧကအထွက် မတိုးတက်သည်
မျက်နှာငယ်လှ ပါသတည်း။

- နည်းသစ်မဖွေ တပေပေနှင့်
မနေတော့ပါ ယနေ့ခါဝယ်
ဩဇာမြေဆွေး သင့်အောင်ကျွေး၍
စိုက်မွေးပညာ ဆည်းပူးကာလျှင်
ညက်စွာထွန်ခိုက် စိပ်စိပ်စိုက်သော်
လယ်၌စပါး အထွက်များသည်
ဘကား ပျော်ရွှင်နိုင်ပြီတည်း။

- ယနေ့ဆိုလျှင် မြကောက်ပင်တို့
စိမ်းလွင်ဖွံ့ထွား လယ်မြေကြားဝယ်
ခုန်လွှားဆော့ပြေး ဘ၏မြေးတို့
ဝေးရပ်မြေမှာ ပညာရှာလျက်
ရလာခဲ့ပြီ ဘွဲ့ကိုယ်စီမို့
သည်လယ် သည်မြေ သည်ရေ သည်ချောင်း
သည်ကျောင်း သည်ကန် သည်ရပ်ဌာန်လျှင်
နှိုင်းစံဘက်ကင်း လှဘိခြင်းဟု
ရင်တွင်းကြည်နူး ဘ ရွှင်မြူးသော်
ပြောင်းဖူးဖက်လိပ် ပါးစောင်ချိတ်ရင်း
အတိတ်ကိုတွေး ပြုံးမိသေးသည်
ရှေးနှင့်မတူတော့ပြီဟု။ ။

**မြင်းမူမောင်နိုင်မိုး**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# မက္ကဆီကိုသမ္မတရွေးကောက်ပွဲ၌ ကလော်ဒီရာရှိန်းဘောင်း အနိုင်ရရှိ

**မက္ကဆီကိုစီးတီး ဇွန် ၃**

ဇွန် ၂ ရက်တွင် ကျင်းပခဲ့သော မက္ကဆီကိုသမ္မတ ရွေးကောက်ပွဲတွင် လက်ရှိအာဏာရပါတီမှ အမျိုးသမီးသမ္မတလောင်း ကလော်ဒီရာရှိန်းဘောင်း အနိုင်ရရှိခဲ့သည်။

အသက် ၆၁နှစ်အရွယ် သမ္မတလောင်း ရှိန်းဘောင်းသည် ဇွန် ၂ ရက် သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲရာနှုန်း ၅၈ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၆၀ ဒသမ ၇ရာခိုင်နှုန်းကြားထိ ရရှိထားကြောင်း မက္ကဆီကိုအမျိုးသားရွေးကောက်ပွဲ အင်စတီကျုက သတင်းထုတ်ပြန်ထားသည်။

ရှိန်းဘောင်း၏ အဓိက ပြိုင်ဘက်ဖြစ်သော အတိုက်အခံ အမျိုးသမီးသမ္မတလောင်းရှိုချီတယ် ဂဲလ်ဗက်ဇ်က ထောက်ခံမဲရာနှုန်း ၂၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၆ ရာခိုင်နှုန်းကြားသာရရှိထားကြောင်း သိရသည်။

မက္ကဆီကိုအမျိုးသားရွေးကောက်ပွဲ အင်စတီကျုက ထုတ်ပြန်ထားသောရွေးကောက်ပွဲ မဲရလဒ်များအရ နိုဘယ်ဆုရ ရာသီဥတုသိပ္ပံပညာရှင် ရှိန်းဘောင်းသည် နှစ်ပေါင်း ၂၀၀ အတွင်း မက္ကဆီကိုနိုင်ငံအတွက် ပထမဆုံးအမျိုးသမီးသမ္မတဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ရှိန်းဘောင်း ရရှိထားသော ထောက်ခံမဲရာနှုန်းသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မက္ကဆီကိုသမ္မတရွေးကောက်ပွဲများ၌ သမ္မတလောင်းများ ရယူနိုင်ခဲ့ဖူးသမျှ အမြင့်မားဆုံး ထောက်ခံမဲရာနှုန်းဖြစ်သည်။

ရှိန်းဘောင်းသည် လက်ရှိ မက္ကဆီကိုသမ္မတ လိုပက်ဇ်အော်ဘရေဒေါ်၏ တပည့်ရင်းဖြစ်ပြီး လိုပက်ဇ်အော်ဘရေဒေါ်၏ မူဝါဒများကို ဆက်လက်ဖော်ဆောင်မည်ဖြစ်ကြောင်း ကတိပြုထားသည်။

**Ref : Xinhua**
**Trs : KKO**




# မြောက်ကိုရီးယားနှင့်ရယူထားသည့် စစ်ရေးသဘောတူညီချက်၌ ပါဝင်မှုကို တောင်ကိုရီးယားနိုင်ငံရပ်ဆိုင်းမည်



**ဆိုးလ် ဇွန် ၃**

၂၀၁၈ ခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံနှင့် ရယူထားသော နှစ်နိုင်ငံ စစ်ရေးသဘောတူညီချက်၌ပါဝင်မှုကို ရပ်ဆိုင်းထားရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားကြောင်း တောင်ကိုရီးယားသမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမှိုက်အိတ်များ ချိတ်ဆွဲထားသည့် မိုးပျံဘောလုံးအများအပြားကိုနယ်စပ်ကျော်၍တောင်ကိုရီးယားနိုင်ငံဘက်သို့ စေလွှတ်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် နှစ်နိုင်ငံစစ်ရေးသဘောတူညီချက်၌ ပါဝင်မှုကိုရပ်ဆိုင်းရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ မိုးပျံပူဖောင်းလွှတ်တင်မှုများကို တုံ့ပြန်သည့်အနေဖြင့် ၂၀၁၈ ခုနှစ် နှစ်နိုင်ငံစစ်ရေးသဘောတူညီချက်တွင် ပါဝင်မှုရပ်ဆိုင်းရန် တောင်ကိုရီးယား အမျိုးသားလုံခြုံရေးကောင်စီက အဆိုပြုထားသည်။

အထက်ပါ အဆိုပြုချက်ကို တောင်ကိုရီးယား အစိုးရအဖွဲ့က ဇွန် ၄ ရက် အစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်ရက်များအတွင်း အမှိုက်အိတ်များချိတ်ဆွဲထားသည့် မိုးပျံဘောလုံးများစွာကို တောင်ကိုရီးယားနိုင်ငံသို့စေလွှတ်ခဲ့ရာ တောင်ကိုရီးယားအစိုးရက ပြင်းထန်စွာဝေဖန်ထားသည်။

၂၀၁၈ ခုနှစ်တွင် ရယူထားသည့် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံစစ်ရေးသဘောတူညီချက်၌ ပါဝင်တော့မည်မဟုတ်ကြောင်း မြောက်ကိုရီးယား နိုင်ငံကလည်း ပြီးခဲ့သည့်နှစ်အတွင်း ကြေညာထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# နိုင်ငံတစ်ဝန်းကောက်ခံနေသည့်လမ်းအသုံးပြုခများ သုံးရာခိုင်နှုန်းနှင့် ငါးရာခိုင်နှုန်းကြားမြှင့်တင်ရန် အိန္ဒိယအစိုးရစီစဉ်

**ဒေလီ ဇွန် ၃**

နိုင်ငံတစ်ဝန်း ကောက်ခံနေသည့်လမ်းအသုံးပြုခများကို ယနေ့မှစ၍ သုံးရာခိုင်နှုန်းနှင့် ငါးရာခိုင်နှုန်းကြားမြှင့်တင်ရန် အိန္ဒိယနိုင်ငံက စီစဉ်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် လမ်းအသုံးပြုကြေးများကို ပြည်တွင်းငွေတန်ဖိုးဖောင်းပွမှုနှုန်းနှင့်ချိန်ညှိ၍ နှစ်စဉ်ပြင်ဆင်သတ်မှတ်လေ့ ရှိကြောင်း သိရသည်။

ယခုနှစ်တွင်လည်း နိုင်ငံတစ်ဝန်း အဝေးပြေးလမ်းများပေါ်ရှိ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်ပေါင်း ၁၁၀၀နီးပါးတို့တွင် လမ်းအသုံးပြုခများကို သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းထိ မြှင့်တင်ကောက်ခံမည်ဟု အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် လမ်းအသုံးပြုခများကို ဧပြီလကပင် ပြင်ဆင်သတ်မှတ်ရန် စီစဉ်ထားသော်လည်း အထွေထွေ ရွေးကောက်ပွဲကြောင့် အစီအစဉ် ဆိုင်းငံ့ခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရက လမ်းအသုံးပြုခများနှစ်စဉ်မြှင့်တင်မှုကို အတိုက်အခံပါတီများနှင့် ယာဉ်မောင်းများက ဝေဖန်ရှုတ်ချထားကြောင်း သိရသည်။

လမ်းအသုံးပြုခနှစ်စဉ်မြှင့်တင်နေမှုကြောင့် မရှိမဖြစ်လိုအပ်သည့် ကုန်ပစ္စည်းများအတွက် သယ်ယူပို့ဆောင်ရေးစရိတ်များ ကြီးမြင့်လာနိုင်ပြီး ခရီးတိုသွားသူများကိုလည်း ဝန်ပိစေကြောင်း ဝေဖန်သူများက ပြောကြားထားသည်။

**Ref : Xinhua**
**Trs : KKO**

# အစ္စရေးနိုင်ငံသားများကို ပြည်ဝင်ခွင့် ပိတ်ပင်မည်ဟု မော်လ်ဒိုက်နိုင်ငံထုတ်ပြန်

**မာလီ ဇွန် ၃**

ဂါဇာစစ်ပွဲ ပြဿနာကြောင့် အစ္စရေးနိုင်ငံသားများ မော်လ်ဒိုက်ကျွန်းစုနိုင်ငံသို့ ဝင်ရောက်ခွင့်ကို မော်လ်ဒိုက်အစိုးရက ပိတ်ပင်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အစ္စရေး၏ ဂါဇာစစ်ပွဲနှင့် ပတ်သက်၍ မော်လ်ဒိုက်ပြည်သူများကြား မကျေနပ်မှုများ အားကောင်းလာနေချိန်တွင် အစ္စရေးနိုင်ငံသားများကို ပြည်ဝင်ခွင့်ပိတ်ရန် မော်လ်ဒိုက်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူများ မော်လ်ဒိုက်သို့ဝင်ရောက်ခွင့်ကို ပိတ်ပင်ရေးအတွက် ဥပဒေများပြင်ဆင်ရန် မော်လ်ဒိုက်အစိုးရက ဆုံးဖြတ်ထားကြောင်း မော်လ်ဒိုက်သမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ပါလက်စတိုင်းပြည်သူများ၏လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ရေးနှင့် ရန်ပုံငွေရှာဖွေမတည်ရေးတို့အတွက် သမ္မတမိုဟာမက်မူအစ်ဇူက အထူးသံတမန်တစ်ဦး ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

မော်လ်ဒိုက်အစိုးရ၏ ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် မော်လ်ဒိုက်ခရီးစဉ်များကို ဖျက်သိမ်းရန် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက အစ္စရေးနိုင်ငံသားများကို တိုက်တွန်းထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း မော်လ်ဒိုက်နိုင်ငံသို့ အစ္စရေးနိုင်ငံသားဦးရေ ၁၁၀၀၀နီးပါးဝင်ရောက်ခဲ့ရာ မော်လ်ဒိုက်သို့ ဝင်ရောက်လာသောပြည်ပခရီးသည်စုစုပေါင်း၏ သုည ဒသမ ၆ ရာခိုင်နှုန်းနှင့်ညီမျှကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ပေါ်တူဂီနိုင်ငံ ဘီဂျားလေကြောင်းပြပွဲ၌ လေယာဉ်နှစ်စင်း ဝေဟင်၌ဝင်တိုက်မှုဖြစ်ပွား

**လစ္စဘွန်း ဇွန် ၃**

ပေါ်တူဂီနိုင်ငံ ဘီဂျားမြို့၌ ဇွန် ၂ ရက်ကကျင်းပသည့် လေကြောင်းပြပွဲတစ်ခုတွင် သရုပ်ပြပျံသန်းနေသော လေယာဉ်နှစ်စင်း လေထုအတွင်းမှာပင် ဝင်တိုက်ခဲ့သည်။

လေကြောင်းပြပွဲဝေဟင်အတွင်း ဝင်တိုက်ခဲ့သည့် လေယာဉ်နှစ်စင်းအနက် တစ်စင်းမှာ ပျက်ကျပေါက်ကွဲခဲ့ရပြီး စပိန်နိုင်ငံသား လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ရကြောင်း ပေါ်တူဂီလေတပ်က သတင်းထုတ်ပြန်ထားသည်။





လေကြောင်းပြပွဲ ဝေဟင်အတွင်း ဝင်တိုက်ခဲ့သည့်လေယာဉ်နှစ်စင်းမှာ ယက်ခ်စတားစ်အမည်ရှိ လေယာဉ်သရုပ်ပြပျံသန်းရေးအဖွဲ့မှလေယာဉ်များဖြစ်သည်။

အဆိုပါ လေကြောင်းပြပွဲကို လစ္စဘွန်းမြို့တောင်ဘက်မိုင် ၁၁၀ အကွာ ဘီဂျားမြို့ရှိ လေတပ်စခန်းတစ်ခု၌ ကျင်းပနေခြင်းဖြစ်သည်။

ယက်ခ်စတားစ်လေယာဉ်သရုပ်ပြအဖွဲ့သည် အရပ်သားများဖြင့် ဖွဲ့စည်းထားသည့် ဥရောပတောင်ပိုင်း၏အကြီးဆုံးလေယာဉ်သရုပ်ပြပျံသန်းမှုအဖွဲ့ဖြစ်သည်။

သရုပ်ပြ လေယာဉ်နှစ်စင်း ဝေဟင်၌ ဝင်တိုက်ခဲ့ပြီးနောက် ပေါ်တူဂီလေတပ်က ဘီဂျား လေကြောင်းပြပွဲကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နဂါးငွေ့တန်းကြယ်စုပြင်ပရှိ ရောမကြယ်ကြီးများ၏ သံလိုက်စက်ကွင်းနယ်မြေများကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိထား



**ဘာလင် ဇွန် ၃**

နဂါးငွေ့တန်းကြယ်စုပြင်ပရှိ ရောမကြယ်ကြီးများ၏ သံလိုက်စက်ကွင်းနယ်မြေများကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကြယ်ကြီးများသည် နဂါးငွေ့တန်းကြယ်စု၏ အရန်ကြယ်စုငယ်များဖြစ်ကြသော ကြယ်စုတိမ်တိုက်ကြီး (LMC)နှင့်ကြယ်စုတိမ်တိုက်ငယ် (SMC) အတွင်း တည်ရှိနေကြောင်း ဂျာမနီသိပ္ပံပညာရှင်များက ပြောကြားသည်။

အရန်ကြယ်စုငယ် နှစ်စင်းအတွင်းရှိ ကြယ်များကထုတ်လွှတ်နေသည့် သံလိုက်စက်ကွင်းနယ်မြေများကို လေ့လာခြင်းဖြင့် ကြယ်များဖွဲ့စည်းဖြစ်ပေါ်လာပုံကို ပို၍နားလည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျာမနီသိပ္ပံပညာရှင်များ တွေ့ရှိခဲ့ရသည့် ကြယ်များသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၂၀၀၀၀၀ နှင့် ၁၅၈၀၀၀ ကြားအကွာတွင် တည်ရှိနေကြောင်း သိရသည်။

SMC နှင့် LMC ကြယ်စုများအတွင်း တည်ရှိသည့် အဆိုပါကြယ်များသည် စတင်ပေါ်ထွက်ခါစကြယ်များဖြစ်ပြီး သတ္တုအက်တမ်ပါဝင်ဖွဲ့စည်းထားခြင်းမရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်များ၏ သံလိုက်စက်ကွင်းနယ်မြေများကို ချီလီနိုင်ငံအခြေစိုက် ဗွီအယ်လ်တီရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## SLIM လဆင်းယာဉ် ပြီးခဲ့သည့်ရက်များအတွင်း မြေပြင်စခန်းကပေးပို့ခဲ့သည့်သတင်းစကားများကို ပြန်လည်တုံ့ပြန်မှုမရှိ

**တိုကျို ဇွန် ၃**

ဂျပန် အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်သည် ပြီးခဲ့သည့်ရက်များအတွင်း မြေပြင်စခန်းက ပေးပို့ခဲ့သည့်သတင်းစကားများကို ပြန်လည်တုံ့ပြန်မှုမရှိတော့ကြောင်း ဇွန် ၂ ရက်သတင်းများအရ သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် မေ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၇ ရက်တွင် SLIM လဆင်းယာဉ်ထံသို့ သတင်းစကားများ ပေးပို့ခဲ့သော်လည်း SLIM လဆင်းယာဉ်ကမူ ပြန်လည်တုံ့ပြန်ခြင်းမရှိတော့ကြောင်း သိရသည်။

SLIM လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ယခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဆင်းသက်ခဲ့ပြီး လကမ္ဘာညကာလကို သုံးကြိမ်ထိ



အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်တွင် လကမ္ဘာ ညကာလအအေးဒဏ်ကြောင့် SLIM လဆင်းယာဉ်၏ စနစ်များ ထိခိုက်သွားပုံရသည်ဟု ဂျပန်သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် SLIM လဆင်းယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သော်လည်း အနေအထားမမှန်ဘဲ ပြောင်းပြန်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အင်္ဂါဂြိုဟ်ပေါ်၌တွေ့ရှိထားသော တွင်းပေါက်တစ်ခုက လူသားများအခြေချနေထိုင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်

**ဝါရှင်တန် ဇွန် ၃**

အင်္ဂါဂြိုဟ်ပေါ်၌ ရှာဖွေတွေ့ရှိထားရသော တွင်းပေါက်တစ်ခုသည် မြေအောက်ချော်ပြွန်လမ်းကြောင်းများနှင့် ချိတ်ဆက်နေဖွယ်ရှိရာ အင်္ဂါဂြိုဟ်ပေါ်တွင် လူသားများ အခြေချ နေထိုင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း ဇွန် ၂ ရက် သတင်းများအရ သိရသည်။

အထက်ပါ အင်္ဂါဂြိုဟ်မျက်နှာပြင်တွင်းပေါက်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်(MLO) က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

တွင်းဝအကျယ် အချင်း နှစ်မီတာမျှရှိသည့် အဆိုပါတွင်းပေါက်သည် အင်္ဂါဂြိုဟ်မြေမျက်နှာပြင်အောက်ရှိ ရှေးဟောင်းချော်ပြွန်လမ်းကြောင်းများနှင့် ချိတ်ဆက်နေနိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပေါ်၌ မြေအောက်ချော်ပြွန်လမ်းကြောင်းများရှိခဲ့ပါက အဆိုပါချော်ပြွန်လမ်းကြောင်းများသည် လူသားများကို ဖြာထွက်ရောင်ခြည်အန္တရာယ်၊ အပူချိန်အတက်အကျ ပြင်းထန်မှုအန္တရာယ်နှင့် သဲမုန်တိုင်းအန္တရာယ်များမှ ကာကွယ်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာ၏ အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်က တွေ့ရှိထားသည့်အင်္ဂါဂြိုဟ်တွင်းပေါက်မှာ အာရှားမွန်းစ်အမည်ရှိ မီးတောင်နယ်မြေပေါ်တွင် တည်ရှိသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ်ပေါ်၌ ရှေးဟောင်းမီးတောင် ချော်ပြွန်လမ်းကြောင်းများ ရှိ၊ မရှိကို ရှေးယခင်ကပင် ရှာဖွေခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# H E A L T H

## ကော်ဖီသောက်သုံးမှုက ပါကင်ဆန်လူနာများ၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်

**ဟယ်လ်ဆင်ကီ၊ ဇွန် ၃**

ကော်ဖီ သောက်သုံးမှုသည် ပါကင်ဆန်ရောဂါရှိနေသူလူနာများ၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၂ ရက်တွင် ပြောကြားသည်။

ကော်ဖီတွင်ပါဝင်သော ကဖင်းဓာတ်သည် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ကျဆင်းမှုနှင့် ဆက်စပ်နေသည်ဟု နိုင်ငံတကာ သုတေသနပညာရှင်များက မှတ်ယူထားကြောင်း သိရသည်။

သို့ရာတွင် ဖင်လန်နိုင်ငံ တာကူးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ပါကင်ဆန်ရောဂါရှိနေသူများအတွက် ကဖင်းဓာတ်သည် ကျန်းမာရေးအတွက် အကျိုးပြုနိုင်ဖွယ် မရှိကြောင်း သိရသည်။

ကဖင်းဓာတ်သည် ဒိုပါမိုင်း (Dopamine) ခေါ် ဟော်မုန်းတစ်မျိုး ဦးနှောက်ကအသုံးပြုနိုင်စွမ်းကို ဟန့်တားနှောင့်ယှက်နိုင်ကြောင်း ဖင်လန်သုတေသနပညာရှင်များက ပြောကြားထားသည်။

ဖင်လန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကဖင်းဓာတ်စားသုံးမှု မြင့်မားသည့် ပါကင်ဆန်လူနာများ၌ ဒိုပါမိုင်းဟော်မုန်း၏ ပုံမှန်လုပ်ငန်းလည်ပတ်နိုင်စွမ်းမှာ ရှစ်ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ ကျဆင်းသွားတတ်ကြောင်း သိရသည်။

ပါကင်ဆန်ရောဂါသည် ဒိုပါမိုင်းဟော်မုန်းကို ထုတ်ပေးသည့် ဦးနှောက်ဆဲလ်များ သေဆုံးချိန်တွင် ဖြစ်ပွားတတ်သည့် အာရုံနာ့ဆဲလ်ရောဂါတစ်မျိုး ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## စတာတင်ဆေးများက သက်ကြီးပိုင်းများ နှလုံးရောဂါနှင့် အခြားရောဂါများကြောင့် သေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်

**ပေကျင်း၊ ဇွန် ၃**

စတာတင်(Statin)ခေါ် ကိုလက်စထရော လျှော့ချရေးဆေးများသည် သက်ကြီးပိုင်းများကြား နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့် အခြားရောဂါများကြောင့် သေဆုံးနိုင်ခြေကို ထိရောက်စွာ လျှော့ချပေးနိုင်ကြောင်း ဇွန် ၂ ရက်သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ဟောင်ကောင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စတာတင်ဆေး ပုံမှန်သုံးစွဲသည့် အသက် ၆၀ နှင့်အထက် သက်ကြီးပိုင်း၊ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများကြားတွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့် အခြားရောဂါများကြောင့် သေဆုံးမှုနှုန်းမှာ စတာတင်ဆေးမသုံးသူ သက်တူရွယ်တူများထက် ပိုနည်းပါးကြောင်း သိရသည်။

ဟောင်ကောင်တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် လူနာရာပေါင်းများစွာ၏ ဆေးမှတ်တမ်းများကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စတာတင်ဆေး ပုံမှန်သုံးစွဲသူ သက်ကြီးပိုင်းများအတွက် နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့် အခြားရောဂါအမျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ သိသိသာသာလျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း သိရသည်။

စတာတင်ဆေးများသည်LDL ကိုလက်စထရော ခေါ် ဆိုးကျိုးပြုကိုလက်စထရောများ သွေးအတွင်း ပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်သော ဆေးများဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြပီမီယန်တာကို နည်းပြသစ်ခန့်အပ်ကြောင်း ဆီဗီလာအသင်းထုတ်ပြန်

**လန်ဒန် ဇွန် ၃**

ဆီဗီလာအသင်းသည် နည်းပြ ဆန်းချက်ဖလိုရက်စ်၏ နေရာတွင် ဘာစီလိုနာ(ဘီ) အသင်းနည်းပြ ဟောင်း ပီမီယန်တာကို နည်းပြ သစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ယူရိုပါလိဂ်ဆုဖလား ခုနစ်ကြိမ် ထိရရှိထားသည့် ဆီဗီလာအသင်း အနေဖြင့် နည်းပြ ဆန်းချက်ဖလို ရက်စ်ကို လာလီဂါနောက်ဆုံးပွဲစဉ် ဖြစ်သည့် ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် ရာထူးမှ ထုတ်ပယ်ရန်စီစဉ်ခဲ့ပြီး ဇွန် ၂ ရက်နေ့က နည်းပြရာထူး မှ ထုတ်ပယ်ခဲ့သောကြောင့် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြ မန်ဒီလီဘာ၊ နည်းပြ ဒီယေဂိုအလွန်ဆို၊ နည်းပြ ဆန်းချက်ဖလိုရက်စ် အပါအဝင် နည်းပြသုံးဦးထိ ရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြပီမီယန်တာသည် ဘာစီလိုနာ(ဘီ)အသင်းကို အကောင်းဆုံး တည်ဆောက်နိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် လက်ပါး မက်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ အသင်းအနေဖြင့် ကစားပုံ တိုးတက်လာခဲ့သော်လည်း နောက်ဆုံးကစားခဲ့သည့် ၁၄ ပွဲဆက်တိုက် နိုင်ပွဲ ပျောက်ဆုံးခဲ့သောကြောင့် ရာသီပိတ်သိမ်းချိန်တွင် အမှတ်ပေးဇယား အဆင့်(၁၆) နေရာတွင် ရပ်တည်နိုင်ခဲ့သဖြင့် ၎င်းအနေဖြင့် အသင်းနှင့် လမ်းခွဲခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဆီဗီလာအသင်း တာဝန်ရှိသူများက နည်းပြ ပီမီ ယန်တာကို ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ကုန်ဆုံးချိန်ထိ စာချုပ်ချုပ်ဆိုခဲ့ပြီး သက်တမ်း ကုန်ဆုံးပါက နောက်ထပ်တစ်နှစ် သက်တမ်းတိုးနိုင်သည့် သဘော တူညီချက်ပါဝင်ခဲ့သည်။

နည်းပြပီမီယန်တာသည် ဘာစီလိုနာ(ဘီ)အသင်းကို တာဝန်ယူခဲ့သူဖြစ်သောကြောင့် ဘာစီလိုနာ အသင်းမှ လူငယ်ကစားသမား များကိုခေါ်ယူရန် အခွင့်အရေးများ ခဲ့ပြီး လက်ရှိတွင် ဘာစီလိုနာ အသင်းမှထွက်ခွာရန် စီစဉ်နေ သည့် အန်ဆုဖာတီကို ခေါ်ယူ နိုင်ရန် ချိတ်ဆက်နေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဒေါ့မွန်အသင်းမှထွက်ခွာမည့် ဝါရင့်ကစားသမား မာကိုရုစ်ကို မေဂျာလိဂ်ကလပ်အသင်းအများစုက ချိတ်ဆက်နေသော်လည်း ၎င်း၏အေးဂျင့်ဖြစ်သူက အယ်အေဂလက်ဆီအသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- အေတီကိုအသင်းက တိုက်စစ်မှူး ဒီပေးကို ယနေ့တွင် အလွတ် ပြောင်းရွှေ့ခွင့်ဖြင့် ထွက်ခွာခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- အယ်နာဆာအသင်းတွင် ကစားနေသည့် ဂိုးသမားအော်စပီနာက အသင်းနှင့်လမ်းခွဲခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# ပြင်သစ်လီဂူး play-off တွင် အနိုင်ရခဲ့သည့် စိန့်အက်တီယန်အသင်း လီဂူးဝမ်းသို့ တက်ရောက်ခွင့်ရရှိ



**ပဲရစ် ဇွန် ၃**

ပြင်သစ်လီဂူး play-off ဗိုလ်လုပွဲအဖြစ် မက်ဇ်အသင်းနှင့် စိန့်အက်တီယန်အသင်းတို့ ကစားခဲ့ရာ စိန့်အက်တီယန်အသင်းက အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် လီဂူးဝမ်းသို့ တန်းတက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

စိန့်အက်တီယန် အသင်းသည် ပြင်သစ်လီဂူးသမိုင်းတွင် ဆုဖလား ၁၀ ကြိမ်ထိ ရရှိခဲ့သည့် အသင်း ဖြစ်သော်လည်း ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် လိဂ်-၂ သို့ တန်းဆင်းခဲ့ရပြီး ဘောလုံးရာသီ နှစ်ခုအကြာမှသာ လီဂူးဝမ်းသို့ ပြန်လည် တန်းတက်နိုင်ခဲ့ခြင်း ဖြစ်သည်။

စိန့်အက်တီယန် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ် လိဂ်-၂ တွင် အဆင့်(၃) နေရာ၌ ရပ်တည်နိုင်ခဲ့သဖြင့် ရိုဒက်ဇ်၊ ပဲရစ် အသင်းတို့မှ အနိုင်ရသည့်အသင်း နှင့် play-off ဆီမီးဖိုင်နယ်အဆင့် ကစားခဲ့ရပြီး နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲ စဉ်အဖြစ် လီဂူးဝမ်းပြိုင်ပွဲမှ အဆင့် (၁၆)တွင် ရပ်တည်နေသည့် မက်ဇ် အသင်းနှင့် ကစားခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် စိန့်အက် တီယန်အသင်းသည် အိမ်ကွင်းတွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် လီဂူးဝမ်းသို့ တက်ရောက်ခွင့်ရရန် အခွင့်အရေးများ ပိုင်ဆိုင်ခဲ့သော် လည်း ဒုတိယအကျော့တွင် မက်ဇ် အသင်းက အိမ်ကွင်းအားသာ ချက်ဖြင့် ဖိအားပေးနိုင်ခဲ့ကာ ပွဲအစ ခြောက်မိနစ်ကတည်းက တစ်ယောက် လျော့ဖြင့် ကစားခဲ့ရသော်လည်း ပွဲချိန် ၁၇ မိနစ်နှင့် ပွဲချိန် ၂၅ မိနစ် တွင် စိန့်အက်တီယန်ကို ဦးဆောင် ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် စိန့်အက်တီယန်အသင်း ဖိအား အောက်ကျရောက်ခဲ့ပြီး ချေပဂိုး ရရှိရေး ကြိုးပမ်းခဲ့ရာ ပွဲချိန် ၃၅ မိနစ်တွင် ချေပဂိုးတစ်ဂိုး သွင်းယူ နိုင်ခဲ့သဖြင့် တန်းတက်ခွင့်ရရှိရေး အခွင့်အရေးပြန်ရခဲ့ပြီး လက်ကျန် ပွဲချိန်များတွင် ချေပဂိုးသွင်းယူနိုင် ရေးအတွက် တိုက်စစ်မြှင့်ခဲ့သော် လည်း မက်ဇ်အသင်း၏ ခံစစ် ကစားပုံ ကောင်းမွန်မှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ နှစ်ကျော့ ပေါင်း သုံးဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် အချိန်ပိုဆက်လက် ကစားခဲ့ရာ စိန့်အက်တီယန် အသင်းကသာ ဖိအားပေးကစားနိုင် ခဲ့သောကြောင့် ပွဲချိန် ၁၀၇ မိနစ် တွင် လူစားဝင်တိုက်စစ်မှူး ဝါကီက အနိုင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် နှစ်ကျော့ပေါင်း လေးဂိုး သုံးဂိုး ဖြင့် အနိုင်ရခဲ့ပြီး လီဂူးဝမ်း သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ရီးရဲလ်မက်ဒရစ်အသင်းက ဗက်ကွက်ဇ်ကို သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**မက်ဒရစ် ဇွန် ၃**

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနွေရာသီတွင် စာချုပ် သက်တမ်းကုန်ဆုံးမည့် တောင်ပံ ခံစစ်ကစားသမား ဗက်ကွက်ဇ်ကို ၂၀၂၅ ခုနှစ် နွေရာသီထိ တစ်နှစ် သက်တမ်းတိုးရန် သဘောတူညီမှု ရရှိခဲ့သည်။

အသက် ၃၂ နှစ်ရှိ ခံစစ် ကစားသမားအနေဖြင့် ယခင်က စာချုပ်ကုန်ဆုံးပါက အသင်းမှ ထွက်ခွာရန် စီစဉ်ထားသော်လည်း အသင်း တာဝန်ရှိသူများက ချန်ပီယံလိဂ်ဖလားရယူခဲ့ပြီးနောက် ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ ပြီး ဗက်ကွက်ဇ်အနေဖြင့် အသက် ၃၀ ကျော်နေသဖြင့် အသင်း၏ မူဝါဒအတိုင်း တစ်နှစ်သက်တမ်း တိုးရန်သာ ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး မကြာမီ အတည်ပြုကြေညာမည်ဖြစ်ကြောင်း သိရသည်။

ဗက်ကွက်ဇ်သည် ယခုနှစ်တွင် အသင်းအတွက် ပြိုင်ပွဲစုံ ၃၈ ပွဲထိ ပါဝင်ကစားပေးခဲ့ပြီး လာလီဂါဆုဖလား၊ စပိန်စူပါ ဖလားနှင့် ချန်ပီယံလိဂ်ဆုဖလား တို့ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ သဖြင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးရန် ကြိုးပမ်းခဲ့ရာ ၎င်းအနေဖြင့် သဘောတူခဲ့ သောကြောင့် မိုဒရစ်ပြီးလျှင် အသင်းနှင့်လက်တွဲရန် ဆုံးဖြတ်ခဲ့ သည့် နောက်ဆုံးကစားသမားဖြစ် လာခဲ့သည်။

ခံစစ်ကစားသမား ဗက်ကွက်ဇ် သည် ရီးရဲလ်မက်ဒရစ် အကယ် ဒမီ ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်က အသင်းကြီးနှင့် ပါဝင်ကစားခွင့်ရခဲ့ကာ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၄၉ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၃၆ ဂိုးထိ သွင်းယူနိုင်ခဲ့ ပြီး အသင်းနှင့်အတူ လာလီဂါ ဆုဖလား လေးကြိမ်၊ ချန်ပီယံလိဂ် ဆုဖလား ငါးကြိမ်ထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**ပဲရစ် ဇွန် ၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်နှင့် ကနေဒါ တင်းနစ်ကစားသမား ဖိလစ်အူကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၃၊ ၆-၃၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့ တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ယခုနှစ် တွင် ပုံစံကောင်းပျောက်ဆုံးနေသည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစား သမားဟောင်းတစ်ဦးဖြစ်ပြီး ယခု နှစ်အတွင်း အောင်မြင်မှုမရသေး သည့်အခြေအနေဖြင့် ရင်ဆိုင်နေ ရသည်။

French Open တင်းနစ် ပြိုင်ပွဲတွင် စွမ်းဆောင်ရည်ပိုင်း တိုးတက်လာခဲ့ပြီး ပြိုင်ဘက်ကောင်း ဖြစ်သူ ဖိလစ်အူကာအား ပြတ်သား သည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အယ်ကာရက်ဇ်သည် ကွာတား ဖိုင်နယ်အဆင့်တွင် ဂရိတင်းနစ် ကစားသမား စတီဖာနို့စ်နှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။

ခေတ်ပြိုင် ကစားသမားနှစ်ဦး ဖြစ်သည့် အယ်ကာရက်ဇ်နှင့် စတီဖာနို့စ်တို့၏ ကွာတားဖိုင်နယ် အဆင့်သည် French Open တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်များအနက် အကြိတ် အနယ်အရှိဆုံး ပွဲစဉ်ဖြစ်လာ နိုင်သည်။



အယ်ကာရက်ဇ်သည် ယခု ရာသီအစပိုင်းတွင် ဒဏ်ရာ ပြဿနာများဖြင့် ရုန်းကန်ခဲ့ရပြီး နောက်ပိုင်း ပြိုင်ပွဲအတွင်း ပြန်လည် ပါဝင်လာခဲ့ပြီးနောက် လက်ရှိ French Open တင်းနစ်ပြိုင်ပွဲတွင် ကစားထားနိုင်သည့် စွမ်းဆောင် ရည်ပိုင်းသည် တိုးတက်မှုအရှိဆုံးနှင့် အကောင်းဆုံးပုံစံ တစ်ရပ်ဖြစ် ကြောင်းလည်း ဝန်ခံပြောကြားခဲ့ ကြောင်း သိရသည်။ **Ref : RT**
**Trs : AZL**

# ကျေးဇူးကြီးလှ မြတ်ဗုဒ္ဓ

အလျှုတကာ့ အလှူများထဲတွင် တရားအလှူသည် အမြတ်ဆုံးဖြစ်သည့်အပြင်တရားအလှူကို မျှဝေခြင်း၊ ဓမ္မအလှူအကြောင်း တင်ပြခြင်း၊ ဘုရားအကြောင်းကို ပူဇော်ခြင်း ယုံကြည်ကိုးကွယ်မှုသမိုင်းနှင့် စေတီပုထိုး သမိုင်းကို ဖော်ပြခြင်းများကလည်း ကုသိုလ်ထူးများ ရနိုင်မည်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသည် အလှူ အတန်းနှင့်ပတ်သက်၍ ခံယူချက်ရှိကြသည်။ ယုံကြည်ချက်ရှိကြသည်။

ထိုအခါ မလှူမီဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ လှူနေဆဲလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည်။ လှူပြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။

ထို့မှုမက မြန်မာတိုင်းရင်းသားများ၏ချစ်ဖွယ်ကောင်းသည့် စိတ်ရင်းတစ်ခုလည်း ရှိသေးသည်။ အစားကောင်းလေးစားရလျှင် ခင်မင်သည့်သူငယ်ချင်း အပေါင်းအသင်းများကို ကျွေးချင်၍ သတိရခြင်း၊ မိဘဆွေမျိုးများကို စားစေချင်၍ သတိရခြင်းဖြစ်သည်။

မိမိကိုးကွယ်ဆည်းကပ်ရာ ဘာသာတရားနှင့် ပတ်သက်၍ ဖတ်ရှုနားလည်မှတ်သားထားသောအသိပညာဗဟုသုတများသည် မှတ်သားဖွယ်ကောင်းလှသည်။ ထို့ကြောင့် ကောင်းမြတ်သောအသိပညာဗဟုသုတများကိုမျှဝေခြင်းဖြစ်သည်။

ရှေးအခါက လူတို့သည် မိမိတို့ သက်ဝင်ယုံကြည်မှုဖြစ်သည့် ရေ၊ မြေ၊ တောတောင်၊ မိုးကောင်းကင်၊ နေမင်း၊ သစ်ပင်၊ မြစ်ချောင်း၊ အင်းအိုင်၊ နတ်ကွန်း အစရှိသည်တို့ကို ပူဇော်ပသကိုးကွယ်ခဲ့ကြသည်။

သို့သော် မြတ်ဗုဒ္ဓပွင့်တော်မူသောအခါ ထိုအယူအဆများကို တွန်းလှန်ခဲ့သည်။ ဖယ်ရှားခဲ့သည်။ ပူဇော်ထိုက်သည့်အရည်အချင်းနှင့် ပြည့်စုံသောပူဇော်သူများအတွက် အကျိုးအာနိသင်များစွာကိုလည်း ရရှိစေနိုင်သော ဘုရား၊ တရား၊ သံဃာ မိဘ၊ ဆရာ အနန္တောအနန္တငါးပါးအပြင် အသက်၊ သိက္ခာ၊ ဂုဏ်ပညာဝါကြီးမားသူများကိုပူဇော်ရန် မြွက်ကြားခဲ့သည်။

မြတ်ဗုဒ္ဓသက်ရှိထင်ရှားရှိစဉ်ကာလက သမိုင်းကြောင်းကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထိုစဉ်က အနာထပိဏ်၊ ဝိသာခါအမှူးပြုသော သာဝတ္ထိမြို့သူ၊ မြို့သားတို့သည် ဇေတဝန်ကျောင်းသို့ သွားရောက်ကာ နေ့စဉ် နေ့တိုင်း မြတ်ဗုဒ္ဓအား ဆည်းကပ်ပူဇော်လေ့ရှိသည်။

တစ်ခါသော် မြတ်ဗုဒ္ဓသည် ဒေသစာရီကြွချီတော်မူသည့်အတွက် ဇေတဝန်ကျောင်းတော်ဝယ် ဖူးတွေ့ခွင့်မရသောကြောင့် ဝမ်းနည်းပူဆွေးကာ မြတ်ဗုဒ္ဓအားလှူဒါန်းပူဇော်မည့်လှူဖွယ်ပစ္စည်းများကို ကျောင်းတံခါးဝတွင် စွန့်ပစ်ခဲ့ကြသည်။

ဤသို့သော အကြောင်းအရာကို အကြောင်းပြု၍ အနာထပိဏ်နှင့် ဝိသာခါတို့က **အရှင်အာနန္ဒာမထေရ်မြတ်**ကို အမှူးထားပြီး ဤသို့ လျှောက်ထားခဲ့ကြသည်။ **မြတ်ဗုဒ္ဓ၏ ကိုယ်စားတော်အဖြစ်မည်သည့် အရာကို ပူဇော်ရပါမည်နည်း**ဟု ရှင်အာနန္ဒာမှတစ်ဆင့် ဘုရားရှင်အား လျှောက်ထားစေခဲ့သည်။

ထိုအခါ မြတ်ဗုဒ္ဓက ကိုယ်စားတော်အဖြစ် ပူဇော်ရန် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည့် ပရိဘောဂစေတီတော်ဖြစ်သည့် **မဟာဗောဓိပင်မှ မျိုးစေ့ကို ယူဆောင်ပြီး အပင်စိုက်ပျိုးကာ ပူဇော်ကြ**ဟု မြတ်ဗုဒ္ဓကိုယ်တိုင် မြွက်ကြားခဲ့ပါသည်။

ထိုအခါ မြတ်ဗုဒ္ဓ၏ခွင့်ပြုတော်မူချက်ဖြင့် ဇေတဝန်ကျောင်းတော်ရှိ မဟာဗောဓိပင်မျိုးစေ့ကို ဆောင်ယူ၍ စိုက်ပျိုးထားသည့် **ဗောဓိပင်** ကို ကိုယ်စားတော်အဖြစ် **ပရိဘောဂစေတီ** အဖြစ် ပူဇော်ခွင့်ရကြသည်။

ထိုဗောဓိပင်သည် ဇေတဝန်ကျောင်းတော်၌ ယခုချိန်ထိ ဖူးမြော်ကြည်ညိုနိုင်သည်။ ထို့ပြင် စေတီသမိုင်းကလည်း မှတ်သားစရာအပြည့်ပါ။

ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုးကိုးကွယ်ရာဌာနကို ပါဠိလို စေတိယ မြန်မာလို စေတီဟု ခေါ်သည်။ ဤသို့အားဖြင့် ဗုဒ္ဓဘာသာဝင်တို့ အားထားကိုးကွယ် ပူဇော်ဖွယ်များဖြစ်သည့် စေတီတော်မြတ်များမှာ စေတီလေးမျိုးဖြစ်သည်။ ထိုစေတီလေးမျိုးကို မော်ကွန်းထိုးထားပုံမှာ ဤသို့ ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ ဓာတ်တော်၊ မွေတော်၊ သရီရဓာတ်တော်များကို **ဓာတုစေတီတော်** ဟု ခေါ်ဆိုကြောင်း၊ မြတ်ဗုဒ္ဓဟောကြားတော်မူသည့် ပိဋကတ်သုံးပုံတရားဒေသနာတော်များကို **ဓမ္မစေတီတော်**ဟု မှတ်သားရပြီး မြတ်ဗုဒ္ဓ၏အသုံးအဆောင်များဖြစ်သည့် သပိတ်တော်၊ သင်္ကန်းတော်များနှင့် ဗောဓိပင် အစရှိသည်တို့ကို **ပရိဘောဂစေတီတော်** ဟု ခေါ်ကြောင်းနှင့် မြတ်ဗုဒ္ဓကိုရည်မှန်းပြီး ကိုယ်ပွားတော်အဖြစ် ထုလုပ်ပူဇော်အပ်သောရုပ်ပွားတော်များနှင့် စေတီပုထိုး အစရှိသည်ကို ဥဒ္ဒိဿစေတီတော်ဟု ခေါ်ဆိုကြောင်း မှတ်သားရသည်။

ဤသို့အားဖြင့် စေတီလေးမျိုးကို မော်ကွန်းထိုးထားရာ ဘုရားရှင်ကိုယ်စား ရုပ်ပွားတော်မြတ်များသည် **ဥဒ္ဒိဿစေတီတော်** များဖြစ်ကြောင်း ဖတ်ရှုမှတ်သားပူဇော်လိုက်ရသည်။

ထိုစေတီပုထိုးအမျိုးမျိုး တည်ထားကိုးကွယ်မှုသမိုင်းကိုလည်း ဤသို့ ဆက်လက်လေ့လာမိသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုကို လက်ကိုင်ပြုခဲ့ကြသည်။ ဗုဒ္ဓ၏ အဆုံးအမများကို ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ ထိုသဒ္ဓါကြည်ညိုစိတ်ကြောင့် မြေစိုက်စေတီပုထိုးအမျိုးမျိုးကို တည်ထားကိုးကွယ်ခဲ့ကြသည်။

ထို့ပြင် ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ် အမျိုးမျိုးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ၎င်းဘာသာရေးအဆောက်အအုံများတွင် အပြောက်အမွမ်းအမျိုးမျိုး၊ ရုပ်လုံးရုပ်ကြွအမျိုးမျိုး၊ ဘုံအဆင့်အမျိုးမျိုး၊ ကနုတ်ပန်းအထပ်ပန်း စသည့် ပန်းခက်အမျိုးမျိုးတို့နှင့် တန်ဆာဆင်မွမ်းမံပူဇော်ရာမှ "ဘုရားမတင် နတ်မဝင် လူတွင် ဆယ်ပွင့်ပန်း"ဟူသော ပဲ၊ တိမ်၊ တဥ်း၊ တော့၊ မော့၊ ရန်၊ ပု၊ ပွတ်၊ ချီ၊ ယွန်း ဟူသော ပန်းပဲ၊ ပန်းတိမ်၊ ပန်းတဥ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း ဟူသော မြန်မာ့အနုပညာပန်းဆယ်မျိုးသည် ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း သိရသည်။

ထိုမြန်မာမှု အနုပညာပန်းဆယ်မျိုးသည် ထိုခေတ်က ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာတရားအပေါ် မြတ်ဗုဒ္ဓအပေါ် ကြည်ညိုလေးစားမှု၊ စိတ်ကူးဉာဏ်ကောင်းမှု၊ တီထွင်ကြံဆကြိုးပမ်းမှုများကြောင့် ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ယူဆမိသည်။ ချီးကျူးဖွယ်ကောင်းလေစွ။ ဂုဏ်ယူဖွယ်ကောင်းလေစွ။

ထို့မှုမက ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓကိုယ်ပွားတော်အဖြစ် ကိုးကွယ်သည့်စေတီပုထိုးအမျိုးမျိုးတို့ကို ရွှေသက်န်းကပ်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး အမျိုးမျိုးဖြင့်လည်း ကပ်လှူပူဇော်လေ့ရှိကြသည်။ ထိုသို့ ကပ်လှူပူဇော်ရာတွင် ရာသီအလိုက် ပွင့်သော ပန်းကလေးများသည် သင်းပျံ့မွှေးကြိုင်သည်။ လန်းဆန်းလှပသည်။ လောကကို အလှဆင်နေကြသည်ဟု ခံယူကြသည်၊

❖မြတ်ဗုဒ္ဓ၏ဂုဏ်ကျေးဇူးများကို ဤသို့တွေးမြင်မိသည်။ ကမ္ဘာပေါ်ရှိ ဘာသာကြီးလေးမျိုး (ခရစ်ယာန်၊ မူစလင်၊ ဟိန္ဒူ၊ ဗုဒ္ဓ)သည် လူသားများ ကောင်းကျိုး ကမ္ဘာလောကကြီးအေးချမ်းသာယာရေးအတွက် ဟောပြောညွှန်ပြဆုံးမခဲ့ကြသည်။ ဘာသာတရားတိုင်းသည် ထိုလူမျိုး၊ ထိုတိုင်းပြည်အတွက် ကောင်းခြင်းမင်္ဂလာအဖြာဖြာကိုဖြစ်စေသည်။ မိမိတို့ယုံကြည်ရာ ကိုးကွယ်ရာ ဘာသာတရားအတိုင်း ပြုမူနေထိုင်လျှင် သက်ရှည်၊ ကျန်းမာ စိတ်ချမ်းသာ၍ လိုအင်ဆန္ဒနှင့်ပြည့်စုံကြလိမ့်မည်။ မိမိတို့ဗုဒ္ဓဘာသာဝင်အများစုသည် ဗုဒ္ဓတရားအတိုင်းကြိုးစား၍ ကျင့်ကြံအားထုတ်ကြသည်။ ပြုမူနေထိုင်ကြသည်။❖

ထို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားစေတီပုထိုးနှင့် ရုပ်ပွားတော်များကို ရာသီအလိုက် ပွင့်သော ပန်းပွင့်ပန်းခိုင်များဖြင့်သီကုံး၍တစ်မျိုး အခိုင်လိုက်တစ်သွယ် ပူဇော်လေ့ရှိသည်။ ဤသို့ဖြင့် မွှေးကြိုင်သောပန်းရနံ့များကြောင့် ဘုရားခန်း ဘုရားစေတီပုထိုးဝန်းကျင်ပရိဝုဏ်တွင် သင်းပျံ့မွှေးကြိုင်နေတော့သည်။ လန်းဆန်းလှပနေတော့သည်။ ကြည်နူးသာယာဖွယ်ဖြစ်နေတော့သည်။

ညချမ်းအချိန်မှာလည်း ထွန်းညှိပူဇော်ထားသော ဆီမီးရောင်စုံများဖြင့် တင့်တယ်သပ္ပာယ်နေတော့သည်။ ထိုပုံရိပ်များသည် ဗုဒ္ဓဘာသာဝင်တို့၏စိတ်ဘဝင်မှာ အစဉ်အမြဲတွေ့မြင်ချင်သော ဖူးမြော်ချင်သော **ထာဝရအလှတရားများ** ပင်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးကွယ်မှုနှင့် စေတီပုထိုးသမိုင်းကို ဆက်လက်တင်ပြလိုသည်။ ဤသို့အားဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတို့ ရှိသေလေးမြတ်စွာ ရှိခိုးကော်ရော်ပူဇော်ကန်တော့ကြသော တန်ခိုးကြီးဘုရားစေတီပုထိုးတို့မှာ များပြားလှသည်။ ထိုအထဲမှ တချို့ကိုတင်ပြလိုသည်။

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတိုင်အောင် ကျော်ကြားသော ပုဂံဘုရားများ၊ ရန်ကုန်မြို့တော်ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီ၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်၊ မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးစေတီ၊ ရှမ်းပြည်နယ်ရှိ အင်းလေးဖောင်တော်ဦးဘုရား၊ မင်းဘူးမန်းရွှေစက်တော်ဘုရား၊ မကွေးမြသလွန်စေတီ၊ ပဲခူးရွှေသာလျောင်းဘုရား၊ ပြည်ရွှေဆံတော်ဘုရားတို့အပြင် မျက်မှောက်ခေတ်တွင် တန်ခိုးအကြီးဆုံး အထင်ရှားဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တို့မှာ နေပြည်တော်ရှိ **မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး** ဖြစ်ပါသည်။

ထိုရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က **မာရဝိဇယ** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မြဲစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် (၄) ရပ်ဖြင့် တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ထားပူဇော်ခြင်းဖြစ်သည်။

ထို့ပြင် မြတ်ဗုဒ္ဓ၏ဂုဏ်ကျေးဇူးများကို ဤသို့ တွေးမြင်မိသည်။ ကမ္ဘာပေါ်ရှိ ဘာသာကြီးလေးမျိုး (ခရစ်ယာန်၊ မူစလင်၊ ဟိန္ဒူ၊ ဗုဒ္ဓ) သည် လူသားများ ကောင်းကျိုး ကမ္ဘာလောကကြီး အေးချမ်းသာယာရေး အတွက် ဟောပြောညွှန်ပြဆုံးမခဲ့ကြသည်။ ဘာသာတရားတိုင်းသည် ထိုလူမျိုး ထိုတိုင်းပြည်အတွက် ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ဖြစ်စေသည်။ မိမိတို့ယုံကြည်ရာ ကိုးကွယ်ရာ ဘာသာတရားအတိုင်း ပြုမူ နေထိုင်လျှင် သက်ရှည်၊ ကျန်းမာစိတ်ချမ်းသာ၍ လိုအင်ဆန္ဒနှင့် ပြည့်စုံကြလိမ့်မည်။ မိမိတို့ ဗုဒ္ဓဘာသာဝင်အများစုသည် ဗုဒ္ဓတရားအတိုင်း ကြိုးစား၍ ကျင့်ကြံအားထုတ်ကြသည်။ ပြုမူနေထိုင်ကြသည်။ **ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးကို ကြည်ညိုသည်။ ဘုရား၊ တရား၊ သံဃာ မိဘဆရာသမားဖြစ်သည့် အနန္တော အနန္တငါးပါးကို ရိုသေလေးစားသည်။** ကံသည် အလုပ်၊ အမှုကိစ္စဖြစ်သည်။ မိမိပြုလုပ်သော ကောင်းမှုကံ၊ မကောင်းမှုကံတို့သည် သံသရာဘဝအဆက်ဆက် မိမိနောက်က အရိပ်သဖွယ်လိုက်သည်။ မိမိပြုသော ကံအတိုင်း မိမိတို့ခံကြရသည်။

ဤသည်ကို ယုံကြည်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် ကံကို ယုံသည်။

**လူသားအချင်းချင်း မေတ္တာထားပါ။**
**ရန်ကို ရန်ခြင်း မတုံ့ပြန်ပါနှင့်။**
**သည်းခံပါ၊ ခွင့်လွှတ်ပါ၊ ငါးပါးသီလကို**
**ခါးဝတ်ပုဆိုးကဲ့သို့ မြဲပါ။**
**ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပါ။**

စသည်တို့ကား ဗုဒ္ဓဘုရားဟောပြောညွှန်ပြဆုံးမတော်မူခဲ့သည့် တရားဒေသနာ၊ ဓမ္မပဒ၊ အဆုံးအမများမှ အနည်းငယ်မျှသာ တင်ပြခြင်းဖြစ်သည်။

ဤသို့ဖြင့် လောကကောင်းကျိုး လူသားကောင်းကျိုးအတွက် ဟောပြောညွှန်ပြ ဆုံးမတော်မူခဲ့သော ဗုဒ္ဓဘုရား၏ ကျေးဇူးတော်များကား ကြီးမားလှသည်။

ထို့ကြောင့် ကဆုန်လပြည့်၊ ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်နေ့ဟူသော အခါတော်နေ့များရောက်တိုင်း **ကျေးဇူးကြီးလှမြတ်ဗုဒ္ဓ**ဟူ၍သာ ရှိခိုးကန်တော့ပူဇော်နေမိပါတော့သည်။

**ကိုးကား**

- **သုတေသန သရုပ်ပြအဘိဓာန်**
- **ပါဠိသက်ဝေါဟာရ အဘိဓာန်**
- **မြန်မာမှု ဦးမင်းနိုင်**

**ရွှေဘိုတူးမာ**

# မိတင်စိန် ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် ဇွန် ၃**

Love 2 ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မိတင်စိန် ရုပ်ရှင်ဇာတ်ကားကို ဇွန်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထွန်းကိုကိုက ပြောပြ၍ သိရသည်။

မိတင်စိန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရှင်မိုးက ရေးသားထားပြီး ဇာတ်ညွှန်းကို သီဟစိုးက ရေးသားထားကာ ဒါရိုက်တာ ပိုင်း (Own Creater) က Love 2 ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ သည်းထိတ်ရင်ဖို ဒရာမာဇာတ်ကားပါ။ လျှို့ဝှက်ဆန်းကြယ် သည်းထိပ်ရင်ဖိုဇာတ်လမ်းထဲမှာ ချစ်ခြင်းမေတ္တာတရားကို ထည့်သွင်းပြသထားတဲ့ဇာတ်ကားပါ။ ဒီဇာတ်ကားမှာ ဆွေစဉ်မျိုးဆက် အဆက်အဆက်ခံရအောင် တိုက်ထားတဲ့ ကျိန်စာတွေ အချိန်ကြလာတဲ့အခါ ကျိန်စာကြောင့် သေရမဲ့ရက်ကို ကြိုတင်သိနေတဲ့ လူတစ်ယောက်ရဲ့ ဖြစ်ရပ်ဆန်းကြယ်ကိုလဲ မြင်ရမှာပါ"ဟု သရုပ်ဆောင် ထွန်းကိုကိုက ပြောသည်။

မိတင်စိန် ရုပ်ရှင်ဇာတ်ကားသည် ဖြစ်ရပ်ဆန်းကြယ်သည်းထိတ်ရင်ဖို ဒရာမာ ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ မိုးဟေကို၊ ခိုင်နှင်းဝေ၊ ဆုထက်ကုဋေ၊ ဇော်ဝင်းမောင်၊ ဦးဝင်းမြိုင်၊ ခင်မို့မို့အေး၊ ဝင်းမင်းသန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ကျောက်တံတားမြို့နယ်တွင် The Glorification Workshop Demonstration ရေဆေးနှင့် ဆီဆေး ပန်းချီလက်တွေ့ရေးဆွဲပွဲ ပြုလုပ်လျက်ရှိ

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Shwe Khit Oo Art Gallery မှစီစဉ်သည့် The Glorification Workshop Demonstration ရေဆေးနှင့် ဆီဆေး ပန်းချီလက်တွေ့ရေးဆွဲပွဲ ပြုလုပ်လျက်ရှိကြောင်း အဆိုပါ ရေဆေးနှင့်ဆီဆေး ပန်းချီလက်တွေ့ရေးဆွဲပွဲတွင် ပါဝင်ရေးဆွဲနေသည့် ပန်းချီ မောင်တင့်ရွှန်းက ပြောပြ ၍ သိရသည်။

အဆိုပါ ရေဆေးနှင့် ဆီဆေး ပန်းချီ လက်တွေ့ရေးဆွဲပွဲတွင် ဝါရင့်ပန်းချီဆရာများဖြစ်သည့် ပန်းချီ မြင့်ဦး၊ အောင်သင်းဦး၊ မောင်တင့်ရွှန်း၊ ကိုမောင်ဝင်းလှ၊ လှထွန်းအောင်၊ အောင်မျိုးမြတ်တို့ ရေးဆွဲနေသည့် ရေဆေး၊ ဆီဆေး ပန်းချီကားများကို ယနေ့မှစ၍ ဇွန် ၄ ရက်ထိ မျက်မြင်ကိုယ်တွေ့ ကြည့်မြင် ခံစားရမည်ဖြစ်ကြောင်း သိရသည်။

"Shwe Khit Oo Art Gallery က စီစဉ်ကျင်းပတဲ့ The Glorification Workshop Demonstration အမည်ရတဲ့




ရေဆေးနဲ့ဆီဆေး ပန်းချီလက်တွေ့ရေးဆွဲပွဲကို ဒီနေ့ကနေ ဇွန် ၄ ရက်ထိ ပြုလုပ်မှာဖြစ်ပါတယ်။ ပန်းချီဆရာ ခြောက်ယောက်က နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပန်းချီကားတွေကို လက်တွေ့ ရေးဆွဲကြမှာဖြစ်ပါတယ်။ ပန်းချီဆရာတွေရဲ့ လက်တွေ့ရေးဆွဲပုံကို လေ့လာခွင့်ရမဲ့ပွဲလေးဖြစ်တာကြောင့် ပန်းချီချစ်မြတ်နိုးသူတွေ မဖြစ်မနေ လာရောက်ကြည့်ရှုသင့်တဲ့ပွဲတစ်ပွဲဖြစ်လို့ လူဦးရေ ကန့်သတ်ချက်လဲ ရှိတာကြောင့် စောစောလာရောက် လေ့လာအားပေးဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပန်းချီ မောင်တင့်ရွှန်းကပြောသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသနေသည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# မင်းလှမြို့နယ် ကရင်တအိမ်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းလှ ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာအုပ်စု ကရင်တအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ဆောင်ရွက်သောကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများသည် ကရင်တအိမ်ကျေးရွာ လမ်းကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှည် ပေ ၂၂၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရေသန့်စင်စက်တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

ကရင်တအိမ်ကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၁ သန်းဖြင့် ကျေးရွာပြည်သူများ ကိုယ်တိုင် ယခုနှစ် မတ် ၂၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ပြောပြ၍ သိရသည်။ **သန်းသန်းစိုး**

# The Exorcist ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ဖလာနာဂန် ရိုက်ကူးမည်

**နယူးယောက် ဇွန် ၃**

Blumhouse ရုပ်ရှင်ကုမ္ပဏီအတွက် The Exorcist ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ဖလာနာဂန်က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း ဇွန် ၂ ရက် သတင်းများအရ သိရသည်။

The Exorcist: Believer (2023) ဇာတ်ကား မျှော်လင့်ထားသလောက် မအောင်မြင့်ခဲ့သည့်တိုင် The Exorcist ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ဖလာနာဂန်နှင့် ထပ်မံရိုက်ကူးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။


The Exorcist ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မိုက်ဖလာနာဂန် ကိုယ်တိုင်ရေးသားမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ မိုက်လာနာဂန် ရိုက်ကူးမည့် The Exorcist ဇာတ်ကားသစ်သည် The Exorcist: Believer ဇာတ်ကားနှင့် ဇာတ်လမ်းဇာတ်အိမ်အရ ဆက်စပ်မှုရှိမည်မဟုတ်ကြောင်း သိရသည်။

The Exorcist ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Blumhouse ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Millers in Marriage ဇာတ်ကား၌ ဂျူလီယံနာမာဂူလီနှင့် ဂရက်ချန်မိုးတို့ ပါဝင်မည်

**နယူးယောက် ဇွန် ၃**

Republic Pictures ရုပ်ရှင်ကုမ္ပဏီ၏ Millers in Marriage အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဂျူလီယံနာမာဂူလီနှင့် ဂရက်ချန်မိုးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂ ရက်သတင်းများအရ သိရသည်။

Millers in Marriage ဇာတ်ကားသည် သက်လတ်ပိုင်းအရွယ် မောင်နှမသုံးဦး၏ ဆက်ဆံရေးပုံစံကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို မင်းသား အက်ဒွပ်ဘန်းက ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသား အက်ဒွပ်ဘန်းသည် Millers in Marriage ဇာတ်ကားကို ကိုယ်တိုင်ရိုက်ကူးမည့်အပြင် အဓိကသရုပ်ဆောင်တစ်ဦးအဖြစ်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား ပက်ထရစ်ဝီဆင်နှင့် ကမ်းဘဲစကော့တို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Millers in Marriage ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Republic Pictures ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Wheat from Shan State fetching good prices in Mandalay market



Farmers reaping wheat in a field.

**Mandalay June 3**

Wheat produced from Shan State flows into Mandalay market, fetching good prices, said U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteintaw Association (Mandalay Commodity Centre).

Quality wheat from Shan State enters Mandalay region again. Demand is high in Mandalay market to purchase wheat, he added.

"Wheat which flowed into Mandalay market is high demand from merchants of Mandalay market, Taunggyi and other cities. So, trading of wheat is booming again in Mandalay," he continued.

In Mandalay market, a 60-viss bag of wheat fetched K160,000 on 28 May at Mandalay market.

Merchants from various townships and abroad offer to purchase wheat from Shan State in Mandalay market. 184

# Kachin State to construct new staff housing in 3 towns during 2024-2025

**Myitkyina June 3**

The Kachin State General Administration Department (GAD) plans to construct staff housing in Myitkyina, Chibwe, and Tanai towns during the 2024-2025 fiscal year.

In Myitkyina, a four-unit, four-story reinforced concrete building will be built for state office staff, while two-unit, three-story buildings will be constructed in Chibwe and Tanai for district officers.

Over 200 million kyats from the GAD's 2024-2025 fiscal budget has been allocated for these projects, and open tenders for Myanmar contractors will be invited in June to ensure timely completion.

In previous years, staff housing was also built in other Kachin towns by the state's Ministry of Transport and Communications and Department of Urban and Housing Development. 336

# More than 10,000 acres of groundnut harvested in Kyaukmyaung

**Kyaukmyaung June 3**

Kyaukmyaung Sub-Township Agriculture Department stated that a total of 11,013 acres of groundnut has been harvested in Kyaukmyaung of Sagaing Region.


Local farmers started harvesting of groundnut in February this year and have completed harvesting on 11,013 acres, yielding 69.10 baskets per acre.

"At present, it achieved success of oil crops. Cultivation of groundnut can be expanded yearly," said Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department.

The sub-township earmarked cultivation of groundnut on 11,012 acres in winter of 2023-24 but local farmers could plant 11,013 acres of crops exceeding the target.

In monsoon of 2023-24, the sub-township planned to grow 12,867 acres of groundnut but local farmers cultivated 12,849 acres of crops against the target.

Staff members of the sub-township agriculture department helped local farmers use quality strains and high agricultural techniques. 206



Newly harvested groundnuts.

# OPEC+ extends output cuts to support oil prices

**Vienna June 3**

The Organization of the Petroleum Exporting Countries (OPEC) and its allies, a group known as OPEC+, decided to extend its current output cuts at least into the third quarter of this year to shore up oil prices.

Following a virtual meeting of OPEC+ oil and energy ministers, OPEC said in a statement that OPEC+ will extend this year's production quotas for its members to the whole year of 2025. The quotas include a 2 million barrels per day (bpd) cut to the official output targets originally agreed in late 2022.

While the 2025 production quotas for OPEC+ countries remain largely the same as in 2024, the oil-producer group agreed on Sunday to raise the output cap of the United Arab Emirates by 300,000 bpd to 3.519 million bpd, according to the statement.

In a separate statement released on the OPEC website, eight OPEC+ countries -- Saudi Arabia, Russia, Iraq, the UAE, Kuwait, Kazakhstan, Algeria, and Oman -- said they would prolong voluntary production cuts of 1.65 million bpd, first announced in April 2023, to the end of 2025.

The eight countries will also extend voluntary output cuts of 2.2 million bpd, originally announced in November 2023, to the end of September 2024. This part of voluntary production cuts will be "gradually phased out on a monthly basis until the end of September 2025 to support market stability," but "the monthly increase can be paused or reversed subject to market conditions," according to the statement. Xinhua



Photo taken on Nov. 30, 2023 shows the headquarters of the Organization of the Petroleum Exporting Countries (OPEC) in Vienna, Austria.

# South Africa's ANC gains 159 seats in National Assembly: official results

**Johannesburg June 3**

South Africa's ruling African National Congress (ANC) has secured 159 out of 400 seats in the National Assembly in the country's 2024 general elections, the Independent Electoral Commission (IEC) officially announced on Sunday evening.

The main opposition party, the Democratic Alliance (DA), came second with 87 seats in the National Assembly, followed by the uMkhonto weSizwe (MK) Party with 58 seats and the Economic Freedom Fighters (EFF) with 39 seats, according to the official election results released by the IEC at the Results Operation Center (ROC) in Midrand, Johannesburg.

More than 27 million South Africans took part in the 2024 national and provincial elections on May 29 to elect a new National Assembly and provincial legislatures.

In the end, no party won an outright majority in the National Assembly. The ANC got less than 200 seats it needed to maintain its 30-year-old unchallenged dominance in the lower house of parliament.

While announcing the final results, IEC Chairperson Mosotho Moepya declared the 2024 general elections as "free and fair."

Calling them "the most difficult and highly contested elections" since the end of apartheid in 1994, Moepya said this year's elections were not without their challenges, as attempts to undermine the credibility of the IEC had been made.

In his speech after the announcement of election results, South African President Cyril Ramaphosa said it "represents a victory for our democracy, for our constitutional order and for all the people of South Africa."

"We have held another successful election that has been free, fair and peaceful," said Ramaphosa. "Our people have spoken. As the leaders of political parties, as all those who occupy positions of responsibility in society, we have heard the voices of our people and we must respect their wishes." Xinhua

# YRIC approves four new investments for businesses to generate jobs for more than 2,300 locals


The workplace of a garment factory.

**Yangon June 3**

The Yangon Region Investment Committee approved four new projects with investments to generate a total of 2,301 local residents in May 2024, according to U Nyi Nyi Min, secretary of Yangon Region government.

Total investment for four new projects amounted to K1.555 billion and US$3.739 million. These projects will create jobs for 2,301 residents in industries, service and manufacturing industries.

"The committee meeting 5/2024 held on 27 May allowed one citizen investment and three foreign investments. These investments flow into hotel services, CMP bag making and garment making as well as bridegroom dresses in CMP system," said U Nyi Nyi Min.

During the period, the committee also allowed increased amount of investment of businesses and raising number of labourers. The committee allows investment of Myanmar citizens and foreign investments for booming businesses in Yangon Region on a monthly basis.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Oil products, textile, palm oil primarily imported in April 2024

**Nay Pyi Taw June 3**

The Myanmar Trade Promotion Organization under the Minister of Commerce recently stated that most of the oil products, textile and palm oil were imported in April 2023-24 financial year.

In April, Myanmar businesspersons imported capital goods, intermediate goods, manufacturing goods, personal goods and CMP goods.

In this regard, they imported oil products, textiles, palm oil, iron and steel wears, construction materials, electricity supply equipment, plastic raw materials, drugs, automobiles and fertilizers.

Of them, oil products worth US$424.426 million were imported, followed by textile US$112.509 million.

Likewise, palm oil worth US$43.238 million was also imported to the country.

Moreover, they brought iron and steel ware worth US$36.215 million, electric supply products US$29.611 million, machines and machinery worth US$28.043 million, plastic raw materials worth US$36.215 million, drugs US$25 million, auto and parts US$22.235 million and fertilizers US$20.445 million.

336


Imported oil products being unloaded into a warehouse.

# ChaungU Township plans to grow more than 1,000 acres of chilli in monsoon

**ChaungU June 3**

According to the statistics of ChaungU Township Agriculture Department, a plan is underway to grow a total of 1,129 acres of chilli in ChaungU Township of Sagaing Region this monsoon.

In monsoon of 2024-25, the township earmarked cultivation of 1,129 acres of chilli which will start cultivation in June this year.

"We planned to cultivate more than 1,000 acres of chilli in ChaungU Township. Cultivation of chilli is in good condition in the township. We will help local farmers grow chilli on a commercial scale," said Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department.

In 2023-24 monsoon, the township earmarked 1,196 acres of chilli but local farmers had cultivated 1,468 acres of chilli exceeding the target.

Staff members of the township agriculture department assist in cultivation tasks of local farmers to grow chilli with market linkages and prevention of pests in addition to improvement of fertile soil.

Local farmers cost K1.5 million per acre of chilli for own farmland and K2.5 million for hired farmland. Chilli can be plunked once every 15 days and each acre can yield some 100 viss for first batch and some 500 viss per other batches.

206


A chili plantation.

# More than K225 million issued as compensation to insured workers in 2023-24 FY

**Mandalay June 3**

Aungmyethazan Township Social Security Office in Mandalay Region stated that it has issued more than K225 million as compensation to insured workers in Mandalay Region in 2023-24 financial year.

Daw Moe Moe Thwe, Staff Officer of Aungmyethazan Township Social Security Office said that insured workers demanded compensation for their health, social care, worksite injured and medical treatment in 177 cases from April to Feburary 2024. Of them, the department issued more than K225 million as compensation to those insured workers.

"Our office grants insured workers for issuance and medical treatment of insured workers in ailing, maternity measures, worksite injuries and dead cases according to the social security law in 2012. So, we collect fee for the services. We try to issue compensation to the insured workers within one month after occurrences of incidents. It means filling the needs of salaries for those insured workers who took medical leaves. Our department helps workers for having compensations on one hand," she said.

In accord with the social security law, insured workers will have compensations in medical treatments for ailing, giving birth, father life, cost of funeral, medical charges and travel allowance and other compensations for temporary disabilities, permanent disabilities and benefits for remaining families.

185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံက ပြည်တွင်းထုတ် အဆင့်မြှင့်တင်ထားသော RudraM-II လေဟင်မှမြေပြင်ပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်




အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ပြည်တွင်း၌ ထုတ်လုပ်ထားသည့် RudraM-II လေဟင်မှ မြေပြင်ပစ်ဒုံးကျည်ကို မေ ၂၉ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟု The Defense Post သတင်းဌာနက မေ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယလေတပ် (IAF) မှ Su-30 MK-I တိုက်လေယာဉ်သည် စမ်းသပ်မှုအတွင်း ၎င်း၏တွန်းကန်အားစနစ်၊ လမ်းညွှန်ထိန်းကျောင်းမှုဆိုင်ရာ အယ်လဂိုရီသမ်တို့ကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ရေဒါဖျက်ဒုံးကျည်သည် လေကြောင်းတိုက်ခိုက်မှုအတွင်း လေပိုင်နက်အတွင်းသို့ အဟန့်အတားမရှိ ထိုးဖောက်ဝင်ရောက် ပျံသန်းလုပ်ဆောင်နိုင်စေရန်အတွက် တာဝေးမှနေ၍ ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို တိုက်ခိုက်ချေမှုန်းနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ရေဒါများ၊ စောင့်ကြည့်ထောက်လှမ်းရေး စနစ်များ၊ ဆက်သွယ်ရေးကွန်ရက်များနှင့် ကြီးကြပ်ကွပ်ကဲမှုဌာနချုပ်များကဲ့သို့သော ရန်သူ့ပစ်မှတ်အမျိုးမျိုးကို တိုက်ခိုက်နိုင်သည်။

ရန်သူလေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို ဦးနှိမ်ဖိဖျက် တိုက်ခိုက်ချေမှုန်းရေးနည်းဗျူဟာတွင် အသုံးပြုလေ့ရှိသည့် ရုရှားနိုင်ငံထုတ် Kh-31 ရေဒါဖျက်ဒုံးကျည်နေရာတွင် အစားထိုးအသုံးပြုရန် အိန္ဒိယလေတပ်သည် အစိုင်အခဲ လောင်စာသုံး RudraM-II ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး အကွာအဝေးကီလိုမီတာ ၃၀၀ ကျော်ထိ ပျံသန်းတိုက်ခိုက်နိုင်သည်။ ၎င်းသည် အမြင့်အမျိုးမျိုးမှပစ်လွှတ်တိုက်ခိုက်နိုင်စွမ်းရှိပြီး အကွာအဝေး ကီလိုမီတာ ၁၀၀ မှ ရန်သူ့ရေဒီယိုကြိမ်နှုန်းများနှင့် ရေဒါအချက်ပြမှုများကို ထောက်လှမ်းသိရှိနိုင်မည်ဖြစ်သည်။ အိန္ဒိယသည် RudraM-I ကို လွန်ခဲ့သောလေးနှစ်က စမ်းသပ်ခဲ့သည်။ RudraM-II ဒုံးကျည်ကို အဆင့်မြှင့်တင်လျက်ရှိပြီး အကွာအဝေး ကီလိုမီတာ ၅၅၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဟု မျှော်မှန်းထားသည်။

အိန္ဒိယနိုင်ငံထုတ် Rudram-II ရေဒါဖျက်ဒုံးကျည်သည် အစိုင်အခဲ လောင်စာသုံး လေဟင်မှပစ်လွှတ်နိုင်သော ဒုံးကျည်အမျိုးအစားဖြစ်ပြီး Internal Guidance System ထိန်းကျောင်းရေးစနစ်အသုံးပြုထားကာ ပစ်လွှတ်ပြီးနောက် အလိုအလျောက်ပစ်မှတ်သို့ ထိန်းကျောင်းပျံသန်းနိုင်စွမ်းရှိသည်။ ဒုံးကျည်အလျင်နှုန်းမှာ Mach 2 ဖြစ်ပြီး Lock-On-Before/After-Launch စနစ်ပါရှိသည့်အတွက် အမျိုးမျိုးသောစစ်ဆင်ရေးအခြေအနေများအတွက် ပြောင်းလွယ်ပြင်လွယ်ရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံလေတပ်အတွက် ရန်သူ့လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဦးနှိမ်ဖိဖျက်တိုက်ခိုက်ချေမှုန်းခြင်း (SEAD) အောင်မြင်စွာ လုပ်ဆောင်နိုင်စေမည့် လေကြောင်းစွမ်းအား တစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် Mirage 2000 ဘက်စုံသုံးတိုက်လေယာဉ်မှ ပစ်လွှတ်နိုင်မည့် Next Generation Anti-Radiation Missile (NGARM)မျိုးဆက်သစ်ရေဒါဖျက်ဒုံးကျည်သစ်ကိုလည်း တိုးတက်ဖွံ့ဖြိုးတီထွင်လုပ်ဆောင်လျက်ရှိပြီး အနာဂတ် SEAD တာဝန်များအတွက် အသုံးပြုနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။ ယခုပထမမျိုးဆက် Rudram-1 ရေဒါဖျက်ဒုံးကျည်ကို Odisha အရှေ့ဘက်ကမ်းရိုးတန်းတွင် Sukhoi တိုက်လေယာဉ်ပေါ်မှ ၂၀၂၀ ပြည့်နှစ်တွင် စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။ နောက်ဆုံးပေါ် Rudram-II ကိုလည်း Odisha ကမ်းလွန်တွင် Su-30 MK-I တိုက်လေယာဉ်ပေါ်မှ ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီဖြစ်သည်။ Rudram-II ရေဒါဖျက်ဒုံးကျည်ကို အောင်မြင်စွာ ပျံသန်းစမ်းသပ်နိုင်မှုသည် အိန္ဒိယ၏ ကာကွယ်ရေးစွမ်းရည်အတွက် သိသာထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်ပြီး ပြည်တွင်းထုတ် အဆင့်မြှင့်ရေဒါဖျက်ဒုံးကျည်များ တီထွင်အသုံးချနိုင်မှုကို ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

**India Flight Tests Indigenous Upgraded SEAD Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲနိုင်ငံက ANKA-3 UCAV ၏ စူပါဆောနစ်အင်ဂျင်နှစ်လုံးတပ်ဗားရှင်းကို မိတ်ဆက်ခဲ့

၂၀၂၄ ခုနှစ် မေ ၂၃ ရက်တွင် တူကီယဲနိုင်ငံ လေကြောင်းနှင့်အာကာသစက်မှုလုပ်ငန်း (TAI)မှ CEO Temel Kotil က တူကီယဲနိုင်ငံထုတ် ANKA-3 တိုက်ခိုက်ရေးဒရုန်း (UCAV)၏ အသံထက်မြန်သောစူပါဆောနစ် အင်ဂျင်နှစ်လုံးတပ်ဗားရှင်းကို မိတ်ဆက်နိုင်ခဲ့ခြင်းဖြင့် မှတ်တိုင်သစ်များ စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု တူကီယဲနိုင်ငံထုတ် သတင်းစာများက မေ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆင့်မြှင့်တင်ထားသော ANKA-3 သည် မကြာမီတွင် အသံထက်မြန်သော စူပါဆောနစ်အမြန်နှုန်းဖြင့် ပျံသန်းနိုင်တော့မည်ဖြစ်ပြီး စစ်ဆင်ရေးစွမ်းရည်များကို သိသိသာသာမြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

Kotil က ထုတ်လုပ်မှုအချိန်ကာလကိုအသေးစိတ်ဖော်ပြထားပြီး စနစ်တစ်စုံစာထုတ်လုပ်ပြီးဖြစ်ကြောင်းနှင့် လက်ရှိတွင် နောက်ထပ် ရှစ်စင်းထုတ်လုပ်နေပြီဖြစ်ကြောင်း ရှင်းပြခဲ့သည်။ တူကီယဲနိုင်ငံထုတ် အင်ဂျင်တပ်ဆင်ထားသော နောက်ဆုံးတစ်စုံနှင့်အတူ ၂၀၂၈ ခုနှစ်ကုန်တွင် နောက်ထပ်အစင်းရေ ၂၀ ထိ ထုတ်လုပ်ရန်စီစဉ်ထားကြောင်း သိရသည်။ အလားတူ Kotil က ANKA-3 UCAV ၏ စူပါဆောနစ်အလျင်နှုန်းဖြင့် ပျံသန်းနိုင်စွမ်းရှိသော အင်ဂျင်နှစ်လုံးတပ်ဗားရှင်းသည် ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နေဆဲဖြစ်ပြီး KAAN ကိုယ်ပျောက်တိုက်လေယာဉ်နှင့်အတူ လိုက်ပါတာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

ANKA-3 UCAV သည် ၎င်း၏ ယခင်မျိုးဆက်များနှင့်တူညီသော လေကြောင်းစနစ်နည်းပညာများ၊ မြေပြင်ထိန်းချုပ်ရေးစခန်းများကိုသာ အသုံးပြုနိုင်သည့်အတွက် တိုက်ပွဲဝင်သက်သေပြထားသော မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်စနစ်များနှင့် အဆင်ပြေစွာ ချိတ်ဆက်လုပ်ဆောင်နိုင်မှုမှတစ်ဆင့် အကျိုးကျေးဇူးများရရှိကာ လွယ်ကူစွာပေါင်းစည်းလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ အမြင့်ပေ ၃၀၀၀၀၊ အမြင့်ဆုံးပေ ၄၀၀၀၀ ဖြင့် လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၁၀ နာရီထိပျံသန်းနိုင်ပြီး အချိန်ကြာမြင့်စွာစစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်စေကာမြေပြင်မှအန္တရာယ်များကိုလျှော့ချပေးနိုင်သည်။

မျက်မြင် Line-of-Sight (LoS)နှင့် မြင်ကွင်းလွန် (BLoS) ဂြိုဟ်တုထိန်းချုပ်နိုင်စွမ်းတို့နှင့်အတူ ANKA-3 UCAV သည် မဟာဗျူဟာမြောက် ထောက်လှမ်းမှုနှင့် တာဝေးပျံသန်းတိုက်ခိုက်မှုများအတွက် မရှိမဖြစ်လိုအပ်သောတာဝေးစွမ်းဆောင်ရည်ပိုင်ဆိုင်ထားသည့် UCAV အမျိုးအစားဖြစ်သည်။ ပုံမှန်အလျင်နှုန်းအနေဖြင့် 250 knots (0.42 Mach) ရှိပြီး အမြင့်ပေ ၃၀၀၀၀ တွင် 425 knots (0.7 Mach) ထိ ရောက်ရှိနိုင်သည်။

လက်ရှိတွင် ANKA-3 UCAV သည် AI-322 အင်ဂျင်တစ်ခုတည်းဖြင့် အသံထက်မြန်သော Subsonic အလျင်နှုန်းဖြင့် ပျံသန်းနိုင်သည်။ အနာဂတ်ဗားရှင်းတွင် TEI TF10000 Turbojet အင်ဂျင်နှစ်လုံး တပ်ဆင်မည်ဖြစ်ပြီး Dry Thrust တွန်းအား ပေါင် ၆၀၀၀ နှင့် Afterburner စနစ်ဖြင့်ဆိုလျှင် ပေါင် ၁၀၀၀၀ ထိ တွန်းအားဖြင့် ပျံသန်းနိုင်လိမ့်မည်ဖြစ်သည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် လူမဲ့-လူပါ လေယာဉ်များ၊ ဒုံးကျည်များပစ်ခတ်နိုင်သည့် UCAV များနှင့်အတူ တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည့် တူကီယဲနိုင်ငံ၏ မဟာဗျူဟာနှင့်လည်း ကိုက်ညီသည်။

ANKA-3 UCAV အပြင် တူကီယဲနိုင်ငံသည် Şimşek နှင့် Süper Şimşek ဒရုန်းများအပါအဝင် ခိုင်မာအားကောင်းသော ဒရုန်းစနစ်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် နည်းပညာများစဉ်ဆက်မပြတ်ပံ့ပိုးပေးရန် အာရုံစိုက်ဖော်ဆောင်လျက်ရှိသည်။ ဤဒရုန်းများသည် လေဟင်မှမြေပြင်၊ လေဟင်မှ လေဟင်တိုက်ခိုက်ရေးတာဝန်များအတွက် အမျိုးမျိုးသောအာရုံခံကိရိယာများနှင့် ထိပ်ဖူးများတပ်ဆင်နိုင်ပြီး လှည့်စားခြင်း(Decoys) သို့မဟုတ် ဒရုန်းအစုအဝေး၊ ဒရုန်းအုပ်၏တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။ ANKA-3 UCAV သည် ဤလိုအပ်ချက်များကိုဖြည့်ဆည်းပေးလိမ့်မည်ဖြစ်ပြီး တူကီယဲနိုင်ငံစစ်ဘက်၏ အလုံးစုံတိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။




**Türkiye Unveils Supersonic Twin-Engine Version of ANKA-3 UCAV ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၂၁၁၈ ဧက ရိတ်သိမ်းပြီးစီး



**ရေဦး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော ဆောင်းနှမ်း ၂၂၁၁၈ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၄၅၂၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ၂၀၀၇ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ဧက ၁၅၅၉၀ စုစုပေါင်း ၂၂၁၁၈ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၅ ဒသမ ၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ရေဦးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၂၂၁၁၈ ဧက စိုက်ပျိုးနိုင်ခဲ့တာပါ။ စိုက်ပျိုးထားတဲ့ ဆောင်းနှမ်းစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့တယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ဆောင်းနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် တောင်ကြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ညောင်ရွှေ ဇွန် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီးဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ တောင်ကြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဇွန် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၃၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တောင်ကြားကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူသုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၃၇ သန်း ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဆီထွက်သီးနှံဇုန်များနှင့် ဆီထွက်သီးနှံစိုက်ခင်းများတွင် ပျားမွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဆီထွက်သီးနှံဇုန်များနှင့် ဆီထွက်သီးနှံစိုက်ခင်းများတွင် ပျားမွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်က ပြောပြ၍ သိရသည်။

ဆီထွက်သီးနှံများဖြစ်သည့် နေကြာနှင့်နှမ်းတို့ စိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် ဝတ်မှုန်ကူးခြင်းလုပ်ငန်းကို ဆောင်ရွက်ရကြောင်း၊ အဆိုပါ ဝတ်မှုန်ကူးခြင်းလုပ်ငန်းအတွက် ပျားအုံများထားရှိရန် လိုအပ်သောကြောင့်ပျားမွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်ဆောင်ရွက်မည်ဆိုပါက ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

"ပျားဆိုတာက စိုက်ပျိုးရေးရဲ့ မိတ်ဆွေပဲ။ ဘာလို့ဆိုရင် ပန်းပွင့် ဝတ်မှုန်ကူးခြင်းဆိုတာ အင်းဆက်တွေနဲ့ ဝတ်မှုန်ကူးမှ အစေ့အဆန် အောင်မြင်တာ။ နေကြာလိုသီးနှံ၊ နှမ်းလိုသီးနှံတွေမှာ မရှိလို့မဖြစ်တာမျိုးပါ။ နေကြာလိုသီးနှံကတော့ အထူးပြုပြီး လိုအပ်တာပေါ့။ ဒါကြောင့် စိုက်ပျိုးတဲ့သူတွေအနေနဲ့ မိမိဒေသမှာ နေကြာစိုက်ခင်းတွေ၊ နှမ်းစိုက်ခင်းတွေရှိရင် ပျားအုံတွေရောက်ရှိတာ မရှိသေးရင် ဌာနကို ပျားအုံတွေ လာရောက်ချထားနိုင်ဖို့ ကူညီပိုင်းဝန်းဆောင်ရွက်ပေးနိုင်ပါတယ်။ အခုဆိုရင် ဆီထွက်သီးနှံစိုက် တောင်သူ တော်တော်များလဲ ပျားမွေးမြူရေးကိုပါ ကိုယ်တိုင်လုပ်ကိုင်နေကြပြီဖြစ်တဲ့အတွက် ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်က ပြောပြသည်။

ပျားမွေးမြူမှု အဓိကဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ပျားမွေးမြူရေးစခန်း ခြောက်ခုနှင့် ပုဂ္ဂလိကပျားမွေးမြူသူ ၇၈ ဦးရှိပြီး ပျားအုံပေါင်း ၁၃၀၀၀ ကျော်ရှိကာ ပျားရည်များကို နှစ်စဉ် ထုတ်လုပ်လျက်ရှိကြောင်း ဦးမျိုးတင့်က ဆက်လက်ပြောပြ၍ သိရသည်။

ASH


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃-၆-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

၅ ရှေ့ဖုံးမှအဆက်

စာသင်ကျောင်းများတွင် သက်ဆိုင်ရာ အတန်းအလိုက် သင်ခန်းစာများသင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသား၊ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများကို သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်း ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်းကြိုပို့ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားသည်။

ထို့ပြင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ ဖွင့်လှစ်ကာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**ဆရာကြီး ဦးဝင်းမြင့်ဦး၊ ကျောင်းအုပ်ကြီး အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း**



"ကျွန်တော်ကတော့ ဆရာကြီး ဦးဝင်းမြင့်ဦးပါ။တာဝန်ကတော့ အထက(၅) နေပြည်တော်ရဲ့ ကျောင်းအုပ်ဖြစ်ပါတယ်။ ဒီ၂၀၂၄-၂၅ပညာသင်နှစ်မှာ ကျောင်းသားတွေအတွက်ဆိုပြီးတော့ နိုင်ငံတော်ကနေ အခမဲ့ပညာရေးအပြင် ဝတ်စုံတွေပေးတယ်။ ဗလာစာအုပ်တွေပေးတယ်။ ခဲတံတွေ၊ ဘောပင်တွေ နိုင်ငံတော်က ထောက်ပံ့ပေးနေတာဖြစ်ပါတယ်။ ကျောင်းမအပ်ကသေးတဲ့ မိဘတွေကလည်း ကျောင်းသားတွေကို အမြန်လာအပ်ဖို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ဟာ ကျောင်းအပ်နှံရေးကို မေ ၂၃ ရက်ကနေပြီး ဇွန် ၂ ရက်ထိ ကျောင်းအပ်လက်ခံတယ်ဆိုပေမယ့်လည်း ဒီဇွန်လအတွင်းလာအပ်ရင် ကျွန်တော်တို့က အကုန်လက်ခံပေးပါတယ်။ ကျောင်းမအပ်ရသေးတဲ့မိဘတွေကို ကျောင်းလာအပ်လို့ရပါတယ်လို့ ကျွန်တော်တို့က ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

**ကျောင်းသားမိဘ**



"နိုင်ငံတော်က အခုလိုကျောင်းတွေ ဖွင့်ပေးတဲ့အခါကျ သူ့အရွယ်နဲ့သူ့အတန်းနဲ့ ပညာသင်ကြားရတဲ့အတွက်ကြောင့် ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်ရှင့်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရှိတဲ့ ကျောင်းမအပ်နှံရသေးတဲ့ကလေး ကျောင်းအပ်လိုက်မယ်ဆိုရင် အခုလိုပညာသင်ကြားရမယ့်အရွယ်မှာ ပညာသင်ကြားခွင့်ရသွားတဲ့အတွက် ကလေးအတွက်လည်း တိုးတက်မှု အများကြီးရှိတဲ့အတွက်ကြောင့် ကျောင်းမအပ်ရသေးရင်လည်း ကျောင်းအပ်ပေးကြပါ။ အခုအချိန်ထိလည်း အားလုံးကို ကျောင်းအပ်လက်ခံနေပါသေးတယ်လို့ပြောကြားလိုပါတယ်ရှင့်။ ဖိတ်ခေါ်လိုပါတယ်ရှင့်"ဟု ပြောသည်။

**ကျောင်းသား**



"အခုလို ကျောင်းပြန်ဖွင့်ပြီးတော့ အေးအေးချမ်းချမ်း ပြန်ပြီးတော့ ပညာသင်ကြားရတဲ့အခါကျတော့ ကျွန်တော်တို့ ကျောင်းသားတွေ၊ သူငယ်ချင်းတွေ အချင်းချင်း ပြန်တွေ့ရပြီးတော့ ပိုပြီးတော့ လုံ့လဝီရိယရှိရှိနဲ့ သင်ယူနိုင်တယ်ပေါ့ဗျာ။ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ အရာတွေအကုန်လုံးကို ကျောင်းကနေပြီးတော့ လုံလုံလောက်လောက် ထောက်ပံ့ပေးနေတာရှိပါတယ်ခင်ဗျာ။ ကျေးဇူးတင်ရှိကြောင်းပြောလိုပါတယ်"ဟု ပြောသည်။

**ကျောင်းသူ**



"ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနားခရိုင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ယူနေတဲ့ နှစ်ထပ်ကွမ်း လူရည်ချွန်ဖြစ်ပါတယ်ရှင့်။ အခုပညာသင်ယူရတဲ့အခါမှာကျတော့ နိုင်ငံတော်ကနေပြီးတော့ စာအုပ်တွေ၊ ခဲတံ၊ ခဲဖျက် လိုလေသေးမရှိအောင် အစစအရာရာ ထောက်ပံ့ပေးပါတယ်ရှင့်။ အဲဒီတော့ သမီးတို့ အခုပညာသင်ကြားရတဲ့ ကျောင်းသား၊ကျောင်းသူတွေ ပိုပြီးတော့ အဆင်ပြေချောမွေ့ပါတယ်ရှင့်။ ဒီလိုမျိုး သမီးတို့ကို အစိုးရကျောင်းတွေမှာ ပညာအေးအေးဆေးဆေးသင်ယူနိုင်အောင် အစစအရာရာ စောင့်ရှောက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့တကွ တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်ရှင့်"ဟု ပြောသည်။









နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ သင်ကြားလျက်ရှိစဉ်။





နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်လျက်ရှိစဉ်။

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဇွန် ၃**

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ နည်းပြများ၊ အားကစားနှင့်ပညာရေး ပေါင်းစပ်အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များကလှူဒါန်းသော စုစုပေါင်း အလှူငွေကျပ် သိန်း ၄၃၀ ကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများကို ရင်းနှီးစွာနှုတ်ဆက်ပြီး အားကစားနည်းအလိုက် လေ့ကျင့်ရေး အားကစားပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၏ အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းကို ၂၀၀၂ခုနှစ် ဇွန် ၁ ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး ၂၂ နှစ်တာကာလ အတွင်း နိုင်ငံ့လက်ရွေးစင် ၁၁၂၉ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့မှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများကို ရှာဖွေဖော်ထုတ်ပြီး လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ယခုဖွင့်လှစ်သည့် သင်တန်း၌ အားကစားနည်း ၁၃ နည်းတွင် သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၇၀ ကို လေ့ကျင့်သင်ကြားပေးသွားဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရန်ကျန်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆက်လက်ကျောင်းအပ်နှံနိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၃**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အများပြည်သူပိုင် စာသင်ကျောင်းတွေကိုပါ အာဏာသုံးလုယူလာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ၅-၆-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မေ ၂၆ ရက်မှ ဇွန် ၂ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာသစ် ၆၉ ဦးတွေ့ရှိ

**နေပြည်တော် ဇွန် ၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက် ည ၈ နာရီမှ ဇွန် ၂ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၇၆၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၆၉ ဦး တွေ့ရှိရသည်။

ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၃**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းလူနှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဌာနချုပ်မှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဌာနချုပ်မှူးနှင့်အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် မေ ၂၉ ရက်မှယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းလူ တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# နမ့်စန်မြို့နယ်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၃**

အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သင်ကြားပို့ချမည့် အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပြခန်းများ၊ ကွန်ပျူတာအခြေခံဘာသာရပ်ပြခန်းများ၊ သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အလိုက်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်အတူ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအသစ်ဖွင့်လှစ်သည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ စက်မှုဘာသာရပ်သင်ကြားသည့် ကျောင်းသားကျောင်းသူ ၄၁ ဦး၊စိုက်ပျိုးရေးဘာသာရပ်သင်ကြားသည့် ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး စုစုပေါင်း ၅၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ ကျောင်းသားကျောင်းသူများအတွက် ပထမအကြိမ်ကျောင်းဝတ်စုံနှင့်ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၃**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်းအားကစားခန်းမ၌ပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသည့်အသင်းများနှင့် ဒိုင်းဆုရရှိသည့်အသင်းကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကွပ်ကဲမှုအောက် ဌာနချုပ်တပ်စခန်းများမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့် စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့



" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "

" Land restoration, desertification and drought resilience "

### ❑ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုအဆက်

၂။ ထိုသို့ဆောင်ရွက်ခဲ့ရာ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် တရားမဝင်နိုင်ငံခြားငွေ အရောင်းအဝယ်ပြုလုပ်နေသူများနှင့် ပွဲစားများအပါအဝင် စုစုပေါင်းတရားခံ ၁၄ ဦးကို ဖော်ထုတ်ဖမ်းဆီးစစ်ဆေးလျက်ရှိပါသည်။

၃။ ၎င်းတို့၏ စစ်ဆေးဖော်ထုတ်ချက်များအရ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်အောင် နောက်ကွယ်မှ ဆောင်ရွက်လျက်ရှိသည့် တရားခံ ၁၁ ဦးကို ဥပဒေနှင့်အညီ ခေါ်ယူစစ်ဆေးနိုင်ရေးဆောင်ရွက်ခဲ့ရာ ၎င်းတို့သည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ဖမ်းဆီးခြင်းမခံရစေရန် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရပါသည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  ဘညွန့် | Perfect Green Money changer | အမှတ်(၂၀၄)၊ ဗိုလ်အောင်ကျော်လမ်း၊(၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | |
| ၂ |  ဝဏ္ဏထွန်း | Sun Flower Money changer | အမှတ်(၂၅၉/၂၆၃)၊ ပထမထပ်၊ အနော်ရထာလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရွှေဘုံသာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | |
| ၃ |  သက်နောင်ဝင်း | ခရမ်းသုံးခွရွှေဆိုင်နှင့် တရားမဝင် နိုင်ငံခြားငွေရောင်းချသူ | အမှတ်(၁၁၉)၊ ဒုတိယထပ်၊ (၂၉)လမ်း၊(၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၄ |  လှမင်း | တရားမဝင် နိုင်ငံခြားငွေရောင်းချသူ | ဗိုလ်အောင်ကျော်လမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၅ |  အွတ်စမန်(ခ)ဂျက် | တရားမဝင် နိုင်ငံခြားငွေရောင်းချသူ | အမှတ်(၁၅၄)၊(၄)လွှာ၊ဗိုလ်ဆွန်ပတ်လမ်း (အလယ်)၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၆ |  တင်ကိုဦး(ခ)ဌွန် | တရားမဝင် နိုင်ငံခြားငွေရောင်းချသူ | အမှတ်(၇၄၈/က)၊ကျွန်စစ်သား(၁)လမ်း၊ ကမာကသွယ်ရပ်ကွက်၊ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၇ |  သန်းထွန်းအောင် | တရားမဝင် နိုင်ငံခြားငွေရောင်းချသူ | ကမာကသွယ်ရပ်ကွက်၊ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၈ |  ရဲကို(ခ)ဝေမင်းခေါင် | တရားမဝင် နိုင်ငံခြားငွေရောင်းချသူ | အပေါ်ဘလောက်၊ ဗိုလ်ဆွန်ပက်လမ်း၊ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၉ |  ရဲမင်းအောင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၅၀၀)၊ သိမ်ဖြူစာတိုက် အနီး၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၁၀ |  အိအိကျော်(ခ)မဝါ | ပွဲစား | အခန်းအမှတ်(၁၀၆)၊ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | |
| ၁၁ |  တင်ကျော်ကျော်(ခ)အာနီး | ပွဲစား | အမှတ်(၁၄)၊ (၈၈)လမ်း၊ ကန်တော်လေးအနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | |

၄။ ထိုကဲ့သို့ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် ဖမ်းဆီးရမိတရားခံစုစုပေါင်း ၁၄ ဦးကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ ၁၁ ဦးကိုလည်း ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် အဆိုပါထွက်ပြေးတိမ်းရှောင်နေသည့် တရားခံများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်းနှင့် လက်ခံထားသူများကိုလည်း တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ☆ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ

ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ တွေ့ဆုံဆွေးနွေးဖလှယ်ခြင်း၊ တေဟုန်ပြည်နယ် အသက်မွေးဝမ်းကျောင်းကောလိပ်တွင် သူနာပြုဘာသာရပ်၊တိုင်းရင်းဆေးနှင့် အခြားပညာတော်သင်များ ရွေးချယ်စေလွှတ်ရေးကိစ္စများကို အပြန်အလှန်ဆွေးနွေးခြင်း၊ ကုမ္ပဏီစက်ရုံအလုပ်ရုံများ ကြည့်ရှုလေ့လာခြင်း၊ နယ်စပ်ဒေသချင်းနီးစပ်၍ ဗုဒ္ဓဘာသာဝင်အများစုရှိသောဒေသဖြစ်သဖြင့် အထင်ကရရှိသော မန်စီရွှေစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ အလှူငွေများပေးအပ်ခြင်း စသည့် ပြည်သူချင်းပိုမိုချစ်ကြည်ရင်းနှီးရေးကိစ္စရပ်များဆောင်ရွက်ခဲ့ကြပြီး ယမန်နေ့ညပိုင်းက ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

ထို့ပြင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၏ စီစဉ်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ HUNAN ပြည်နယ် Huanghe S & T University တွင် မေ ၂၄ ရက်မှ ၂၉ ရက်ထိ ကျင်းပခဲ့သည့် ကမ္ဘာ့တက္ကသိုလ် အမျိုးသမီးပါမောက္ခချုပ်များ၏ The 11th World Women University Presidents Forum သို့ မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမင်း တက်ရောက်ခဲ့ပြီး အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၆၅ နိုင်ငံမှ ကိုယ်စားလှယ်ဦးရေ ၂၇၀ ကျော် တက်ရောက်ကြကာ ပညာရေးကဏ္ဍပေါင်းစုံအတွက် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်ရောင်းချနေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

တရားမဝင် ကွန်ဒိုတိုက်ခန်းရောင်းချခဲ့သည့်
Minn Thu ကုမ္ပဏီမှတရားခံ (၂)ဦး



အောင်ကျော်ထွန်း
(ဒါရိုက်တာ)



မင်းသူကျော်
(ထွက်ပြေးတိမ်းရှောင်)
(အထွေထွေမန်နေဂျာ)

ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများကို
တရားမဝင်ပြည်ပဘဏ်ငွေစာရင်းများဖွင့်လှစ်၍ ဝယ်ယူထားသည့် တရားခံများ



နေမျိုးဟန်



မင်းထွန်း



မြတ်မြတ်မွန်

**နေပြည်တော် ဇွန် ၃**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာတွင် ဝိသမသမား စီးပွားရေးလုပ်ငန်းရှင်တချို့မှာ ၎င်းတို့၏ကိုယ်ကျိုးစီးပွားကိုသာ ရှေးရှုပြီး နိုင်ငံတော်၏ စီးပွားရေး၊ ငွေကြေးဈေးကွက် ကမောက်ကမဖြစ်စေရန် ရည်ရွယ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်အရောင်းအဝယ်ပြုလုပ်ခြင်း၊ လူမှုကွန်ရက်မီဒီယာများမှ ဆွဲဆောင်စည်းရုံး ရောင်းချခြင်းများဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

၂။ စုံစမ်းဖော်ထုတ်ချက်များအရ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၅၁)လမ်းအထက် အမှတ်(၁၅၅/၁၅၇)၊ ရှစ်လွှာ၌ ရုံးခန်းဖွင့်လှစ်ထားသည့် Minn Thuကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်တို့နှစ်ဦးသည် ထိုင်းနိုင်ငံမှ ကွန်ဒိုတိုက်ခန်းများအား ပြည်တွင်း၌ တရားမဝင်ရောင်းချလျက်ရှိကြောင်းသိရှိရသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများက ကုမ္ပဏီတာဝန်ရှိသူများနှင့် ဆက်စပ်တရားခံများကို ခေါ်ယူစစ်ဆေးခဲ့ပါသည်။

၃။ စစ်ဆေးဖော်ထုတ်ချက်များအရ Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်(ထွက်ပြေးတိမ်းရှောင်)တို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်ရောင်းချရန် သက်ဆိုင်ရာသို့ သတင်းပေးပို့ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အရောင်းပြပွဲများကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ နှစ်ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ကွန်ဒိုတိုက်ခန်းဝယ်ယူသူများကပေးချေသည့် မြန်မာကျပ်ငွေများကို လက်ခံရယူပြီး ထိုင်းနိုင်ငံသို့ တရားမဝင် ဟွန်ဒီလုပ်ငန်းများမှ ငွေကြေးများလွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။


၄။ ထို့ပြင် Minn Thu ကုမ္ပဏီကရောင်းချခဲ့သည့် ပြည်ပနိုင်ငံရှိ တိုက်ခန်းများကို တရားမဝင် ဝယ်ယူထားသည့် ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန်တို့သုံးဦးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ထိုင်းနိုင်ငံရှိဘဏ်များ၌ တရားမဝင်ဖွင့်လှစ်ထားသည့် ၎င်းတို့၏ဘဏ်ငွေစာရင်းများမှတစ်ဆင့် တိုက်ခန်းဖိုးငွေကြေးများ လွှဲပြောင်းပေးချေခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။

၅။ သို့ဖြစ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများအား တရားမဝင်ရောင်းချခြင်းနှင့် တရားမဝင် ဟွန်ဒီလုပ်ငန်းမှ ငွေကြေးလွှဲပြောင်းခြင်းများ ဆောင်ရွက်ခဲ့သူ Minn Thu ကုမ္ပဏီမှ တရားခံ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်(ထွက်ပြေးတိမ်းရှောင်)တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံများ၌ ဘဏ်ငွေစာရင်းများ တရားမဝင်ဖွင့်လှစ်ထားသည့် တရားခံ ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန်တို့ကိုလည်းကောင်း၊ ပြည်ပနိုင်ငံတွင် တရားမဝင် တိုက်ခန်း ဝယ်ယူထားသူများကိုလည်းကောင်း စိစစ်၍ ဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ ထို့ပြင် ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများအား Online မှတစ်ဆင့် တရားမဝင်ရောင်းချနေသည့် အခြားကုမ္ပဏီများနှင့် ဝယ်ယူသူများကို ဆက်လက်စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ တရားမဝင်ပြည်ပနိုင်ငံရှိ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာသတင်းပေးပို့ပါရန် အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပင်လောင်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ





**နေပြည်တော် ဇွန် ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် ၁၀၂ လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြားတွင် အောင်ကျော်စိုး မောင်းနှင်၍ ဟိန်းသူရကို (ခ)ဖက်တီး လိုက်ပါလာသော NISSAN-AD VAN အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုညဒသမ ၀၂ ကီလို၊ ကက်တမင်း သုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ၇၄လမ်းရှိ ဇော်မျိုးသန့်(ခ)အားချန်၏ နေအိမ်အခန်းကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုညဒသမ ၅၅၁ ကီလို၊ ကက်တမင်း သုည ဒသမ ၂၁ ကီလိုနှင့် ဘိန်းဆီခဲ သုံးကီလို တို့ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပင်လောင်းမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု လိန်းလီကျေးရွာအနီးတွင် နေဆန်းဦး (ခ) အောင်ကျွေ့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ဇွန် ၂ ရက် ညနေ ၄ နာရီခွဲတွင်တာချီလိတ်မြို့နယ် ပိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝေ့လေလန်ကျေးရွာအနီးတွင် ပေါလုမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၅ နာရီတွင် တာချီလိတ်မြို့နယ် ပိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဟွေယုန်း(ရွာသစ်)ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသိရသည်။ **(ရဲပြန်ကြား)**

# အမျိုးသမီးများကို အတင်းအကျပ် စစ်မှုထမ်းဆောင်ရန် စတင်စုဆောင်းနေသည်ဟု သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စစ်မှုထမ်းဆောင်ရန်အတွက် အမျိုးသမီးများကို အတင်းအကျပ် စတင်စုဆောင်းနေကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန်အမျိုးသမီးများကို စတင်စုဆောင်းနေသည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိရာ ပြည်သူများ နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် ကောလာဟလသတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိရာ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

# သီရိလင်္ကာနိုင်ငံတွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် သစ်ပင်များ လဲပြိုခြင်းတို့ကြောင့် လူ ၁၄ ဦး သေဆုံး



**ကိုလံဘို ဇွန် ၃**

သီရိလင်္ကာနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုအတွင်း ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့်သစ်ပင်များလဲပြိုခြင်းတို့ကြောင့် ဇွန် ၂ ရက်ထိ လူ ၁၄ ဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာသဘာဝဘေးအန္တရာယ်စင်တာက သတင်းထုတ်ပြန်ခဲ့သည်ဟု ဇွန် ၂ ရက် သတင်းများအရ သိရသည်။

သီရိလင်္ကာနိုင်ငံတွင် မေ ၂၁ ရက်မှစတင်၍ မုတ်သုံလေ စတင်ဝင်ရောက်ခဲ့ပြီး လေပြင်းတိုက်ခတ်ခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပွားခဲ့ရာ မြေပြိုမှုကြောင့် ၁၁ နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် အသက် ၂၀ အရွယ်အမျိုးသား တစ်ဦးသေဆုံးခဲ့ပြီး ခရိုင် ခုနစ်ခုအတွင်း သစ်ပင်များလဲကျမှုကြောင့် ပိမိသေဆုံးသူ ကိုးဦးနှင့် ဇွန် ၂ ရက်တွင် ကိုလံဘိုမြို့အနီးတွင်နေထိုင်သူ မိသားစုတစ်စုမှ ရေနစ်သေဆုံးသူ သုံးဦးအပါအဝင် လူ ၁၄ ဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာသဘာဝဘေးအန္တရာယ်စင်တာက သတင်းထုတ်ပြန်ထားသည်။

မုတ်သုံလေ ဝင်ရောက်ချိန်မှစတင်၍ နိုင်ငံအတွင်းရှိ ခရိုင် ၂၅ ခုအနက် ခရိုင် ၂၀ တွင် သဘာဝဘေးအန္တရာယ်များ အဓိကဖြစ်ပွားခဲ့ကြောင်း၊ ယခုထိ မိုးသည်းထန်စွာရွာသွန်းခြင်းများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ကိုလံဘိုမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ခရီးစဉ်များကိုလည်း ရွှေ့ဆိုင်းထားရပြီး အဓိကအဝေးပြေးလမ်းမကြီးတချို့တွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိကာ မြစ်များနှင့်ကမ်းစပ်များတွင်နေထိုင်သူများကို ကုန်းမြင့်များသို့ ပြောင်းရွှေ့နေထိုင်ကြရန် သတိပေးအမိန့်များ ထုတ်ပြန်ထားရကြောင်း သိရသည်။

လာမည့်ရက်များတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ဖြစ်ပေါ်လာနိုင်သဖြင့် ယနေ့မှစတင်၍ နိုင်ငံအတွင်းရှိ ကျောင်းအားလုံးကိုပိတ်ထားရန် အစိုးရက အမိန့် ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# တရုတ်နိုင်ငံတောင်ပိုင်းတွင် ရေလွှမ်းမိုးမှုရာသီ ပုံမှန်ထက်စော၍ ဖြစ်ပေါ်ခဲ့

**ပေကျင်း ဇွန် ၃**

တရုတ်နိုင်ငံ တောင်ပိုင်းတွင် ပြီးခဲ့သည့်လမှစတင်၍ ရေကြီးရေလျှံမှုများ စတင်ဖြစ်ပွားခဲ့ပြီး ရေလွှမ်းမိုးမှုရာသီသို့ ဧပြီ ၂ ရက်တွင် စတင်ဝင်ရောက်ခဲ့သဖြင့် ပုံမှန်ထက်စော၍ ဖြစ်ပေါ်ခဲ့ကြောင်း တရုတ်နိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနမှ ကျွမ်းကျင်သူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ တောင်ပိုင်းဒေသများတွင် မေလအတွင်းက ရေကြီးရေလျှံမှုများ စတင်ဖြစ်ပွားခဲ့ပြီးနောက် ယခုနှစ် ရေလွှမ်းမိုးမှုရာသီသည် တရုတ်နိုင်ငံတွင် ပုံမှန်ထက်စော၍စတင်ခဲ့ကြောင်း တရုတ်နိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနမှ ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

ယခုနှစ် ရေလွှမ်းမိုးမှုရာသီကို ဇွန်လမှ ဩဂုတ်လထိ မျှော်မှန်းထားပြီး ရေကြီးရေလျှံမှုကြောင့် ယခင်နှစ်ကထက် ပျက်စီးမှုများ ပိုမိုဖြစ်ပွားနိုင်ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု နှစ်မျိုးစလုံး ဖြစ်ပေါ်မည်ဖြစ်ကာ ရာသီဥတုဆိုင်ရာ ပိုမိုပြင်းထန်သော ဖြစ်ရပ်များ မကြာခဏနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

အထူးသဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်၊ ကွမ်တုံပြည်နယ်နှင့် တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျန်းပြည်နယ်ရှိ အသေးစားနှင့် အလတ်စားမြစ်တချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှု ပိုမိုဖြစ်ပွားဖွယ်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူနန်ပြည်နယ်တွင်လည်း ဇွန်လအတွင်း မိုးရွာသွန်းမှုများပုံမှန်ထက် ပိုမိုဖြစ်ပွားဖွယ်ရှိပြီး ပြည်နယ်အတွင်းရှိ အဓိကမြစ်ကြီးများတွင် မြစ်ရေကြီးမှုများဖြစ်ပွားနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး အနောက်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မိုးခေါင်မှုများ ဖြစ်ပေါ်ဖွယ်ရှိကြောင်း ပေကျင်းအခြေစိုက် ပြည်သူ့ရေးရာနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ အင်စတီကျုမှ ဒါရိုက်တာ Ma Jun က ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု အရေးပေါ်သတ်မှတ်

**ဝါရှင်တန် ဇွန် ၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့အနီးတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီး စတင်လောင်ကျွမ်းမှုသည် ဇွန် ၁ ရက်က စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဇွန် ၂ ရက်တွင် လေတိုက်နှုန်း မြင့်မားမှုကြောင့် တောမီးလောင်ကျွမ်းမှုအခြေအနေ ဆိုးရွားခဲ့ပြီး ထိန်းချုပ်ရခက်သည့် အဆင့်သို့ရောက်ရှိခဲ့သဖြင့် အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ဆန်ဖရန်စစ္စကိုမြို့အနီး လောင်ကျွမ်းနေခြင်းဖြစ်ပြီး ဆန်ဖရန်စစ္စကိုမြို့နှင့် မိုင် ၆၀ ခန့်ကွာဝေးသော်လည်း လေတိုက်နှုန်း မြင့်မားမှုကြောင့် အခြေခံအဆောက်အအုံများကို တောမီးကူးစက်လောင်ကျွမ်းနိုင်သဖြင့် တောမီးကိုအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့က လေကြောင်းအကူအညီကိုရယူထားပြီး မီးသတ်ကားအမြောက်အမြားဖြင့် တောမီးကိုငြိမ်းသတ်လျက်ရှိကြောင်း၊ ရဟတ်ယာဉ်များဖြင့်လည်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတချို့က တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် လေကြောင်းမှ တစ်ဆင့် ညွှန်ကြားပေးမှုများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# မြေထဲပင်လယ်နှင့်နီးကပ်သောနယ်မြေများတွင် စပျစ်စိုက်ခင်းများအတွက် မိုးခေါင်ရေရှားမှုပြဿနာကို Hydrogel ဖြင့် ဖြေရှင်းရန် သိပ္ပံပညာရှင်များစမ်းသပ်

**အင်ကာရာ ဇွန် ၃**

မြေထဲပင်လယ်နှင့် ထိစပ်နေသော နယ်မြေဒေသများတွင် မိုးခေါင်ရေရှားမှုပြဿနာကြောင့် စပျစ်စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုကို လျှော့ချနိုင်ရေးအတွက် Hydrogel ကို ဖန်တီးစမ်းသပ်မှုများ ပြုလုပ်နေကြောင်း တူကီယဲနိုင်ငံ မာဆင်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ Hydrogel များသည် အနီးပတ်ဝန်းကျင်မှ ရေများကိုစုပ်ယူပေးသည့် ဂုဏ်သတ္တိရှိပြီး အဆိုပါ Hydrogel များကို စပျစ်စိုက်ခင်းများတွင် ဖြန့်ချထားရုံဖြင့် မြေအောက်နှင့် အနီးပတ်ဝန်းကျင်မှ ရေများကိုစုပ်ယူကာ စပျစ်ပင်များ၏ ရေသောက်မြစ်များအတွက် ရေဓာတ်ရရှိစေမည့် နည်းစနစ်ကို ကျင့်သွားရန် ပြင်ဆင်နေကြောင်း၊ အဆိုပါစီမံကိန်းကို တူကီယဲအခြေစိုက် Scientific and Technological Research Council မှ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး ပေါ်တူဂီနိုင်ငံ၊ အီတလီနိုင်ငံနှင့် မော်ရိုကိုနိုင်ငံတို့မှ သုတေသီများကလည်း ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း Scientific and Technological Research Council က ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် ရေထုအရင်းအမြစ်တွေ ပျက်စီးလာတယ်။ ရေရှားပါးလာတဲ့အတွက်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ အထိနာလာတယ်။ အခြားကဏ္ဍတွေမှာလဲ ကြီးမားတဲ့ ထိခိုက်ဆုံးရှုံးမှုတွေ ရှိလာတယ်။ ဒါကြောင့် ရေအရင်းအမြစ်တွေကို တတ်နိုင်တဲ့ဘက်ကနေ ရယူနိုင်ဖို့အတွက် သိပ္ပံပညာရှင်တွေပူးပေါင်းပြီးတော့ Hydrogel ကို ဖန်တီးနေပါတယ်။ ဒီပစ္စည်းဟာ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ရေအရင်းအမြစ်တွေကိုစုပ်ယူပြီးတော့ ရေဓာတ်ဖြန့်ဝေလိုတဲ့နေရာတွေမှာ လုံလောက်တဲ့ ရေဖြန့်ဝေပေးနိုင်ဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် မြေထဲပင်လယ်နဲ့ ထိစပ်နေတဲ့ နယ်မြေဒေသတွေမှာရှိတဲ့ စပျစ်စိုက်ခင်းတွေမှာရေရရှိဖို့အရေးကို ဦးစားပေးဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ကို Scientific and Technological Research Council ကလဲ အထောက်အပံ့ပေးနေပါတယ်။ ပေါ်တူဂီ၊ အီတလီနဲ့ မော်ရိုကိုနိုင်ငံက သုတေသီတွေလဲ ဒီစီမံကိန်းမှာ ပူးပေါင်းပါဝင်သွားမှာဖြစ်ပါတယ်။ စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု မာဆင်တက္ကသိုလ်မှ ပါမောက္ခ ယူဆယ်လ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဂျာမနီနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတချို့ ရပ်ဆိုင်းထား

**ဘာလင် ဇွန် ၃**

ဂျာမနီနိုင်ငံ တောင်ဘက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး ရေဘေးအန္တရာယ်ကြောင့် လမ်းမကြီးတချို့ ရေမြုပ်သဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတချို့ကို ယာယီရပ်ဆိုင်းထားကြောင်း ဂျာမနီသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့မြောက်ဘက်ပိုင်းတွင်လည်း ရေဘေးအန္တရာယ်ဆိုးရွားနေပြီး ပက်ဖန်ဟိုဖန်မြို့အနီး၌လည်း ရေဘေးအန္တရာယ် စိုးရိမ်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများကို ကူညီပေးစဉ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် မီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးဝန်ထမ်းတစ်ဦး သေဆုံးခဲ့ကြောင်းလည်း ဂျာမနီအာဏာပိုင် အဖွဲ့အစည်းက အတည်ပြုသွားခဲ့သည်။

"နယ်မြေဒေသ တော်တော်များများမှာ ရေကြီးရေလျှံမှုဖြစ်ပွားနေတယ်။ လမ်းမကြီးတွေမှာ ရေလွှမ်းနေတဲ့အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေး တော်တော်လေးခက်ခဲနေတယ်။ ရေဘေးဒဏ်သင့်ပြည်သူတွေကို ကူညီပေးရင်းနဲ့ ကယ်ဆယ်ရေးဝန်ထမ်းတစ်ယောက် အသက်ဆုံးရှုံးခဲ့ရတယ်။ အသက်ဆုံးရှုံးခဲ့ရတဲ့ ကယ်ဆယ်ရေးဝန်ထမ်းအတွက် စိတ်မကောင်းဖြစ်ရပါတယ်"ဟု ဂျာမနီစီးပွားရေးဝန်ကြီး ရောဘတ်ဟာဘက်က ပြောကြားခဲ့သည်။

လက်ရှိအခြေအနေမှာ ဂျာမနီနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၅၀ ရာခိုင်နှုန်းခန့်ထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် အခြေအနေဖြစ်ကြောင်း၊ ဘာဗာရီယာနယ်မြေတွင်လည်း ရေကြီးရေလျှံမှု အခြေအနေဆိုးရွားနေပြီး Ilm မြစ်ရေလျှံတက်မှုကြောင့်လည်း ရေကြီးရေလျှံမှုမှာ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ရေဘေးအန္တရာယ်ကြောင့် မြူးနစ်မြို့မှ ဘာလင်မြို့၊ စတုဂတ်မြို့သို့ ဆက်သွယ်ထားသည့် လမ်းမကြီးများကို ယာယီပိတ်ထားရကြောင်းလည်း ဂျာမနီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ကြယ်ကလေးများရဲ့ စိတ်ကူး

ခင်ဇော်(သီတာကုန်းပြင်)



(၁)

"ဒေါင် ဒေါင် ဒေါင်"

နှစ်လကျော် တိတ်ဆိတ်ငြိမ်သက်ခဲ့သော ခေါင်းလောင်းသံလေးသည် သီတာကုန်းပြင်တစ်ရွာလုံးကို ဖုံးလွှမ်းသွားသည်။ ဇွန်လ၏ မိုးစက်ပွင့်များနှင့် အပြိုင် ကျောင်းဖွင့်ချိန်သင်္ကေတ စိန်ပန်းနီတို့နှင့်အပြိုင် ကျောင်းခေါင်းလောင်းသံက မြိုင်လှသည်။ ဖိုးသား၊ ကိုထက်၊ ငမင်းတို့သူငယ်ချင်းတစ်သိုက်သည် ကျောင်းအလံတိုင်ရှိရာသို့ ထွက်လာခဲ့ကြသည်။

(၂)

နံနက်ခင်း၏နေရောင်ခြည်မှာ ဝင်းလက်တောက်ပပြီး ဖြာကျနေသည်။ ကျောင်းခြံစည်းရိုးရှိ ကုက္ကိုပင်ကြီးသည် မိုးရေကြောင့်ဖြစ်မည်ထင်သည်။ လန်းဆန်းဝေဖြာစိမ်းစိုလျက်ရှိ၏။ ဝါစိမ်းနီ သုံးရောင်ခြယ်ထားသော နိုင်ငံတော်အလံသည် တိုင်ထိပ်တွင် တလူလူ လွင့်နေပြီး သွက်လက်ဖျတ်လတ်သော လူငယ်တစ်ယောက်ပမာကဲ့သို့ အားမာန်ဝင့်ကြွားလျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူအားလုံး အလံတော်ကိုအလေးပြုပြီးလျှင် ကျောင်းအုပ်ကြီးက ဩဝါဒစကား စတင်၍ပြောကြားသည်။

"ဒီနေ့ဟာ ဒီနှစ်ပညာသင်နှစ်ရဲ့ အစပထမနေ့ပဲ ဖြစ်ပါတယ်ကလေးတို့။ ဒါကြောင့် ဆရာကြီးက ဒီနေရာကပဲ ပထမဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ မင်္ဂလာပါကလေးတို့"

"မင်္ဂလာပါဆရာကြီး"

နှုတ်ဆက်စကားဆိုပြီးနောက် ဆရာကြီးက ဆရာ၊ ဆရာမများနှင့် ကျောင်းသားများအားလုံးဘက်ကို ဘာမှမပြောသေးဘဲ ဝေ့ဝိုက်၍တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ ဆရာကြီးက-

"ကလေးတို့ဟာ ဒီဒေသကနေ ပေါက်ဖွားလာတဲ့ ဒေသရဲ့မျိုးဆက်သစ် သားပျို သမီးပျိုလေးတွေ ဖြစ်ကြတယ်။ ဒီကျောင်း၊ ဒီဒေသရဲ့ ဂုဏ်ဒြပ်မြင့်မားအောင်မြင်ဖို့က အနာဂတ်ကိုဦးဆောင်ကြမဲ့ ကလေးတို့မှာ တာဝန်အပြည့်အဝရှိတယ်လို့ ဆရာကြီးပြောချင်ပါတယ်။ ဒါကြောင့် ကိုယ့်ကျောင်း၊ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်အောင်မြင်ဖို့အတွက် အခုချိန်မှာ ကလေးတို့ အဓိကလုပ်ရမဲ့အလုပ်တစ်ခုက စာကြိုးစားကြဖို့ပါပဲ။ ပညာရှာရမဲ့ အခုလိုအရွယ်မှာ ကျောင်းသားဘဝရဲ့ ဆန့်ကျင်ဘက်လမ်းမှားတွေကို မလိုက်ကြဘဲနဲ့ စာကြိုးစားကြပါလို့ပဲ ဆရာကြီးက ပြောချင်ပါတယ်"

ကျောင်းအုပ်ကြီး၏စကားကို ကုက္ကိုပင်ပေါ်က တကျစ်ကျစ်နှင့်အော်မြည်နေကြသည့် ဆက်ရက်ငှက်ကလေးများကလွဲ၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားနားထောင်လျက်ရှိကြသည်။ ဆရာကြီးက ကျောင်းဝန်းကျင်ဆီကို တစ်ချက်ကြည့်ပြီးမှ ဆက်ပြောသည်။

"ကလေးတို့ အခုတက်ရောက်ပညာသင်ကြားနေကြတဲ့ ဟောဒီကျောင်းကြီးမှာ လိုအပ်ချက်တွေ၊ မပြည့်စုံမှုတွေ များစွာရှိတာကို ကလေးတို့သိရှိကြမှာပါ။ ဒါကြောင့် ကိုယ့်ကျောင်းတော်ကြီး လှပသာယာဖို့အတွက် လိုအပ်တဲ့အရာတွေကို အပတ်စဉ်တနင်္လာနေ့တိုင်း ကလေးတို့ရဲ့စိတ်ကူးဉာဏ်စွမ်းရှိသလောက် ဖြည့်ဆည်းလုပ်ဆောင်ပေးစေချင်တယ်။ ဆရာကြီးကတော့ ဘယ်ဟာလိုအပ်တယ်၊ ဘာလုပ်ပေးပါလို့ မတောင်းဆိုဘူး။ ကလေးတို့ရဲ့စိတ်ကူးနဲ့ ကလေးတို့ရဲ့ ကျောင်းတော်ကြီးကို ခြယ်သမွမ်းမံစေချင်လို့ပါ။ တစ်ခုတော့ရှိတယ်။ ကလေးတို့လုပ်ဆောင်ပေးတဲ့အရာဟာ ကျောင်းအတွက် တကယ်လိုအပ်တဲ့အရာဖြစ်ရမယ်။ ပြီးတော့ တန်ဖိုးကြီးပစ္စည်းတွေလဲ မဖြစ်ရဘူး။ ဒီနေ့အတွက် ဆရာကြီးရဲ့ ဩဝါဒစကားကတော့ ဒီမျှပါပဲ"

"ဖြောင်း ဖြောင်း ဖြောင်း"

ဆရာကြီး၏ဩဝါဒစကားအပြီး၌ ကျောင်းရှေ့ကွင်းကြီးအတွင်းမှ ထွက်ပေါ်လာသောလက်ခုပ်သံများက သီတာကုန်းပြင်တစ်နယ်လုံးထိ လွှမ်းခြုံသွားသည်။

(၃)

ကျောင်းမုန့်စားဆင်းချိန်၌ ပါလာသည့် ထမင်းချိုင့်များကိုထုတ်ပြီး နေ့လယ်စာ ထမင်းစားသူစား၊ ပါလာသည့်မုန့်များကို စားသူစားနဲ့ ကျောင်းသားများ ဟိုတစ်စု၊ သည်တစ်စုနှင့်ရှိကြ၏။ အချို့ကျောင်းသားများကလည်း ဆရာကြီး၏ဩဝါဒအရ ကျောင်းအတွက် လိုအပ်သည့် အကြောင်းအရာများကို ပြောဆိုတိုင်ပင်နေကြသည်။

"ကျောင်းအတွက် ဘာယူလာမယ်လို့စိတ်ကူးထားလဲ ဖိုးသား"

"ငါကတော့ တို့ကျောင်းမှာ စိန်ပန်းပင်မရှိသေးလို့ ဘကြီးသာရင်အိမ်မှာပျိုးထားတဲ့ စိန်ပန်းပင်ပေါက်တစ်ပင်ကို သွားတောင်းပြီး ယူလာမယ်လို့ စိတ်ကူးထားတယ်"

ဖိုးသား၏အဖြေစကားအဆုံးတွင် ကိုထက်၊ ငမင်းနှင့် အတန်းထဲမှသူငယ်ချင်းများသည် လက်ခုပ်တီး၍ ချီးမွမ်းထောမနာပြုကြသည်။ အချို့ကျောင်းသားများမှာလည်း ကျောင်းအနိမ့်ခွက် ရေဝပ်ပြီးဗွက်ထူသည့် နေရာများတွင်ခင်းနိုင်ရန် သီတာချောင်းအတွင်းမှ ကျောက်စရစ်ခဲများသယ်လာကြမည်ဟုဆို၏။ အချို့ကျောင်းသားများသည် ပျက်စီးနေသည့်အိမ်သာများကို ပြန်လည်ပြုပြင်ရန်အတွက် ဝါးများ၊ သစ်များ၊ သက်ငယ်များ ယူဆောင်လာကြမည်ဟုဆို၏။ အချို့ကျောင်းသူများကလည်း ကျောင်းဝင်းအတွင်းလှပစေရန်အတွက် အလှပန်းပင်လေးများယူလာကြမည်ဟူ၍လည်း ဆိုကြသည်။

အခြားကျောင်းသားများသည် ကျောင်းအတွက် လိုအပ်သည့်အရာများကို ဖြည့်ဆည်းပေးနိုင်ရန် စိတ်ကူးကိုယ်စီရှိကြသော်လည်း ကိုထက်မှာမူ ယခုအချိန်ထိ ကျောင်းအတွက်လိုအပ်ချက်ကို တွေး၍မရသေး။ စဉ်းစားလေလေ သူ့ဦးနှောက်ခြောက်လေလေဖြစ်၏။ ထို့ကြောင့် သူ့ဘေးနားက သူငယ်ချင်း ငမင်းကို မေးမြန်းရပြန်သည်။

"ငမင်း မင်းကကော တနင်္လာနေ့ကျရင် ဘာယူလာမယ်လို့စိတ်ကူးလဲ"

"တို့ကျောင်း ဝန်ထမ်းအိမ်ရာမှာနေတဲ့ ဆရာ၊ ဆရာမတွေကော၊ အနီးအနားရွာတွေကနေ လာသင်တဲ့ ဆရာ၊ ဆရာမတွေပါ ငွေမပေးရဘဲ အဆင်သင့်ခူးပြီး ချက်ပြုတ်စားသောက်နိုင်အောင် ဟင်းသီးဟင်းရွက်ခင်းလေးစိုက်မယ်လို့ စိတ်ကူးတယ်။ ငါတို့အိမ်မှာ နောက်နှစ် အမေတို့ဥယျာဉ်ထဲမှာစိုက်ဖို့ သိမ်းထားတဲ့ ဘူး၊ သခွား၊ ခရမ်း၊ ပြောင်း၊ ချဉ်ပေါင် စတဲ့ဟင်းသီးဟင်းရွက်မျိုးစေ့တွေအများကြီးပဲကွ။ အမေ့ကိုပြောပြီး ယူလာရုံပဲ။ ခက်နေတာတစ်ခုက. . ."

ငမင်းက သူ့စိတ်ကူးကိုပြောနေရင်း အားမရသည့်ဟန်ဖြင့် သူ့ဦးခေါင်းကိုကုတ်နေပြန်သည်။

"မင်းစိတ်ကူးကောင်းသားပဲ ငမင်းရယ်။ ခက်တာက ဘာလဲကွ ပြောပါအုံး"

ကိုထက်မေးတော့မှ ငမင်းသည် သက်ပြင်းရှည်ကို ချလျက် ကျောင်းအပြင်ဘက်ကို တစ်ချက်ကြည့်ပြီးမှ ဆက်ပြောသည်။

"ဟင်းသီးဟင်းရွက်စိုက်ဖို့ဆိုတာ မြေဆီမြေသြဇာကောင်းဖို့လဲလိုအပ်တယ်ကွ။ တို့ကျောင်းမြေက ဘာမြေဆီအာဟာရမှမရှိတော့ ငါစိုက်တဲ့အပင်လေးတွေ ရှင်သန်ပါ့မလားဆိုပြီး တွေးပူမိတာပါကွာ"

"အေး မင်းပြောမှ ငါလဲစိတ်ကူးရတော့တယ်။ မင်းယူလာမယ်ဆိုတဲ့မျိုးစေ့တွေကိုသာ ပြည့်ပြည့်စုံစုံယူလာခဲ့ ငမင်း။ ငါတော့ ငါ့စိတ်ကူးနဲ့ငါ တွေးပြီးပျော်နေပြီကွ"

ကိုထက်က ဝမ်းသာအားရဖြင့်ပြောနေ၏။ ငမင်းနှင့် ဖိုးသားတို့က ကိုထက်၏စိတ်ကူးကို အတင်းအကျပ်မေးမြန်းကြသော်လည်း ကိုထက်က-

"မသိချင်စမ်းပါနဲ့သူငယ်ချင်းတို့ရယ်။ ငါမပြောလဲ တနင်္လာနေ့ကျရင် သိမှာပါကွာ။ ဟား"ဟု ရယ်မောပြောဆိုရင်း အတန်းပြင်သို့ ခုန်ပေါက်၍ ထွက်သွားပါတော့သည်။

(၄)

တနင်္လာနေ့ကျောင်းပြန်တက်သည့်နေ့တွင် သီတာကုန်းပြင်ကျောင်းဝင်းအတွင်း သစ်ပင်ပန်းပင်များ၊ သစ်များ၊ ဝါးများ၊ သက်ငယ်၊ ကျောက်စရစ်၊ ရေအိုး၊ ခြေသုတ်ဖုံ၊ တံမြက်စည်း၊ အမှိုက်ခြင်းစသည်တို့ ယူဆောင်လာကြသည့်အတွက် ကျောင်းဝင်းတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ထကာ စည်ကားသိုက်မြိုက်လျက်ရှိပေ၏။ အချို့ကျောင်းသားများ၏ မိဘများကလည်း သားသမီးများယူဆောင်လာခဲ့ကြသည့် သစ်ပင်ပန်းပင်များကို ကူညီစိုက်ပျိုးပေးရန်အတွက် ပေါက်တူး၊ သံတူးရွင်းများလည်း ယူဆောင်လာခဲ့ကြသည်။ ကျောင်းအုပ်ကြီးက ပြုံးပန်းတဝေဝေဖြင့် စိုက်ပျိုးရမည့်နေရာများကို ဝါးခမောက်ထူထူကြီးကို ဆောင်းလျက်လိုက်လံ၍ ပြသနေ၏။

"ဟဲ့ တိုင်းကျော် ရုန်းထားကွ။ ရောက်ပါတော့မယ် ကျောင်းကို။ ကျောင်းထဲ လှည်းဝင်လာလို့ နည်းနည်းလောက် လမ်းဖယ်ပေးကြပါဗျို့"

ထိုအချိန်တွင် ကိုထက်သည် လှည်းတစ်စီးကို မောင်းနှင်လျက် ကျောင်းဝင်းအတွင်းသို့ ဝင်လာသည်။ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများက ကိုထက် လှည်းဖြင့်ယူဆောင်လာသည့် ပစ္စည်းများကို တအံ့တဩဖြင့် ဝိုင်းအုံ၍ကြည့်ကြ၏။ ကျောင်းအုပ်ကြီးက လှည်းနားတိုးသွားပြီး-

"မောင်ကိုထက် သားပစ္စည်းတွေက ဘာတွေလဲကွ။ လှည်းတစ်စီးအပြည့်ပဲနော်"

"ကျောင်းထဲမှာစိုက်မဲ့ နှစ်ရှည်ပင်တွေ၊ ပန်းပင်တွေ၊ ဟင်းသီးဟင်းရွက်ပင်တွေကို ကျွေးဖို့အတွက် ကျွန်တော်တို့အိမ်က နွားချေးတွေနဲ့ သစ်ရွက်ဆွေးတွေ သယ်လာတာပါဆရာကြီး"

လှည်းထမ်းပိုးက နွားနှစ်ကောင်ကိုဖြုတ်၍ လှည်းပေါ်က ရိုင်ဖျာကိုခွာကာ နွားချေးနှင့် သစ်ရွက်ဆွေးများကို ကျောင်းသားများ ကူညီ၍ချပေးလိုက်၏။

(၅)

"ဒေါင် ဒေါင် ဒေါင်"

နံနက်ခင်း၏ တောက်ပသောနေရောင်ခြည်နှင့်အတူ ကျောင်းတက်ခေါင်းလောင်းသံက ချိုမြိန်သာယာလှသည်။ တိုင်ထိပ်တွင် ကြွားကြွားဝံ့ဝံ့လွင့်နေသော နိုင်ငံတော်အလံကို အလေးပြုကြ၏။

ထို့နောက် ကျောင်းအုပ်ကြီး၏ ကြည်လင်ခံ့ညားသော ဩဝါဒစကားသံက ထွက်ပေါ်၍လာသည်။

"ကလေးတို့ရဲ့ လှပတဲ့စိတ်ကူးတွေအတွက် ဆရာကြီး ဂုဏ်ယူပါတယ်။ အခုလို စိတ်ကောင်း၊ နှလုံးသားကောင်းတွေနဲ့ ဒီကျောင်းကြီးကို ဆက်လက်ပြုစုစောင့်ရှောက်အလှဆင်သွားကြမယ်ဆိုရင် အချိန်တိုအတွင်း မှာ ကျောင်းကြီးလှပသာယာလာပြီး ပညာရေးမှာလဲ တိုးတက်ဖွံ့ဖြိုးလာမှာ အမှန်ပါပဲကွယ်"

ကျောင်းအုပ်ကြီး၏ စကားအဆုံး၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ မျက်နှာလေးများသည် ပြုံးချိုဝင်းလက်တောက်ပလျက်ရှိနေပါတော့သည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၂၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၂၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၈၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၀၂၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း နွေစပါး ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း ပညာပေးခြင်း၊ နွေသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် ဝမ်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဇွန် ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဝမ်နောင်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**

# ဒက္ခိဏသီရိမြို့နယ် ကျောက်ခဲအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေခဲအင်းကျေးရွာအုပ်စု ကျောက်ခဲအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျောက်ခဲအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ခဲအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ३၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ရှိုးသန်းညွန့်**

## ဝိုင်းဝန်းကြိုးပမ်း စွမ်းကြစို့

- "ဥတုရာသီ တောကိုမှီ"
ညွှန်းပြုသိစေရည်၊
တောတောင်မဟီ စိမ်းစိုလန်း
ဝန်းကျင်အလှလွှမ်း။

- စိုပြည်အေးချမ်း နိုင်ဖို့ရာ
ရာသီမှန်မှသာ၊
ချိန်မီခါမီ အလှည့်ကျ
ဆန္ဒများပြည့်ဝ။

- ဥတုမျှတ ညီညွတ်လျှင်
သဘာဝဘေး ကင်းစင်၊
တောတောင်ဝန်းကျင် အလှကိန်း
ချမ်းမြေ့ရင်အေးငြိမ်း။

- မစိမ်းမမြ ယွင်းမဲ့သော်
ဖောက်ပြန် ထိပ်တိုက်ပေါ်၊
စိန်ခေါ်မှုနဲ့ ကမ္ဘာမြေထု
"ပူနွေးမှု" အကြောင်းပြု။

- ပြောင်းလဲမှုများ နောက်ကွယ်မှာ
သဘာဝဘေးစုံစွာ၊
ခါးသီးဖွယ်ရာ အန်တုရင်း
အဖြေရှာ တုံ့ပြန်ရှင်း။

- ယိုယွင်းမှုနဲ့ ကမ္ဘာမြေ
ပူနွေးမှုသက်သေ၊
"အိုဇုန်းလွှာ"အခြေ ပျက်စီးတော့
ဆိုးရွားမင်းမူပေါ့။


- တွေးရှုမြင်လော့ ဆိုးကျိုးငင်
"အယ်နီညို"ဖြစ်စဉ်၊
ကမ္ဘာမြေဝန်းကျင် စိမ်းလန်းရေး
ဖြည့်စွမ်းရှေ့မြော်တွေး။

- သဘာဝဘေးလည်း ဝေးအောင်လျှင်
ပူးပေါင်းတို့မြော်မြင်၊
ကြီးမြန်သစ်ပင် ပျိုးထောင်လို့
တောတောင်ဥယျာဉ် ဝေဆာဖို့၊
အားလုံးတာဝန်ရှိပြီမို့
ဝိုင်းဝန်းကြိုးပမ်းစွမ်းကြစို့။ ။

**မင်းသွေးနွယ်(စီးကုန်း)**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အခြေခံသဘောတရားဥပဒေသ

မိုးရှင်း

အခြေခံသဘောတရားဥပဒေသအကြောင်း မိမိနားလည်သလို တင်ပြချင်ပါတယ်။ ကျွန်တော် တော်လို့၊ တတ်လို့ရေးနေတာတော့ မဟုတ်ပါ။ သို့ရာတွင် ဒီအကြောင်းအရာဟာ ကျယ်ဝန်းနက်ရှိုင်းလှပေမယ့် အသက်အရွယ်ဘယ်လောက်ပဲ နုနယ်သူပဲဖြစ်စေ၊ ကြီးရင့်အိုမင်းသူပင်ဖြစ်စေ သိရှိရရင် အင်မတန်အသုံးဝင်တဲ့အတွက်၊ အကျိုးရှိတဲ့အတွက် ထက်သန်တဲ့စေတနာနဲ့ ဖော်ပြရတာပါ။

သဘောတရားဟူသည် ဘဝရှေ့ဆောင်၊ မီးရှူးရောင်။

ဘဝဟူသည် သဘောတရားအမြင်၊ မှတ်ကျောက်ပင်။

သဘောတရားသီဝရီနဲ့ လက်တွေ့ဘဝဆိုတဲ့ မတူကြတဲ့အပိုင်း ၂ ပိုင်းရှိကြတာတော့ အများသိကြပြီးသားပါ။

သဘောတရားဆိုတာ ပိုင်ပိုင်နိုင်နိုင်သိထားရမယ့် အကြောင်းအကျိုးဆက်နွယ်မှုအကြောင်းအရာပိုင်း။

လက်တွေ့ဘဝဆိုတာကတော့ မိမိဖြစ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်လုပ်ဆောင်တဲ့အလုပ်အပိုင်းပေါ့။

သဘောတရားက စိတ်ကူးပုံစံ။

လက်တွေ့ဘဝက တကယ်ဆောက်တဲ့အဆောက်အအုံ သို့မဟုတ် သစ်ပင် သို့မဟုတ် စိုက်ခင်း။

စိတ်ကူးထားတဲ့အတိုင်း အောင်မြင်တယ်ဆိုရင် ပထမစိတ်ကူးထဲမှာရှိနေတဲ့ ဒီဇိုင်းဟာ မှန်ကန်ခဲ့လို့ပဲပေါ့။ သီဝရီမှန်လို့ လက်တွေ့မှာကောင်းတယ်။

တကယ်တော့ ဒါဟာ အကျိုးနဲ့အကြောင်းရဲ့ သဘောပဲ။ အကျိုးရချင်ရင် သူ့ကိုဖြစ်စေကြောင်း မှန်ကန်တဲ့အကြောင်းရင်းကို ပြုလုပ်ရမယ်။ သိရုံသက်သက်က ဘာမှမဖြစ်လာဘူး။

ချမ်းသာချင်ရင် ချမ်းသာကြောင်းအမှန်အကြောင်းတရားဘာတွေလဲသိအောင် အရင်ရှာဖွေလေ့လာရပါမယ်။ သိပြီ၊ ဒါတွေဟာ ချမ်းသာစေတဲ့အကြောင်းတွေဖြစ်တယ်လို့သိရရင် ဒီအတိုင်းလိုက်နာကျင့်သုံးရုံပါပဲ။ ဥပမာ ဓမ္မပဒ-၃၃၂ မှာ အောက်ပါအတိုင်း တွေ့ရတယ်ဆိုပါစို့။

“လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏”တဲ့။

အလားတူပဲ အကျိုးရစေတဲ့အကြောင်းခံသဘောတွေကို မြတ်စွာဘုရားက ရှင်းရှင်းလင်းလင်းထုတ်ဖော်ဟောကြားတော်မူခဲ့တာ ၄၅ ဝါကာလပတ်လုံးပါပဲ။ ကောင်းနိုးရာရာတွေကိုစုပေါင်းထားတဲ့ ဓမ္မပဒကျမ်းစာမှာ ဝတ္ထုသာကေဇာတ်ကြောင်းနောက်ခံ အထောက်အထားနဲ့တကွ ဖတ်ရှုသိရှိရနိုင်ပါတယ်။ စိတ်ထဲပေါ်ရာ မှတ်မိတာ နမူနာသုံးခုလောက်တင်ပြပါရစေ။ ကောက်နုတ်ကိုးကားချက်ဖြစ်ပါတယ်။(ဆက်လက်ရှာဖွေဖတ်ရှုစေလိုပါတယ်)

“စန္ဒကူးပန်းစသောပန်းတို့၏အနံ့သည် လေထက်လေညာအရပ်သို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသောဂုဏ်သတင်းအနံ့သည် လေညာသို့ပင် လှိုင်၏။ သူတော်ကောင်းတို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏”

(ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ၅၄)

“အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိသည်ဟု သိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏”

(ဓမ္မပဒ)

“သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့်ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏”

(ဓမ္မပဒ၊ ပီယဝဂ်-၂၁၇)

အနှစ်ရှိတဲ့လူက သီလရှိရခြင်းရဲ့အကျိုးရလဒ်ကို အကြောင်းအကျိုးဆက်စပ်မှုနိယာမသဘောတရားအရ နားလည်သိမြင်တယ်။ ဒါကြောင့် သီလကိုစောင့်ထိန်းလိုက်နာကျင့်သုံးတယ်။ ဒီအခါမှာ သီလရနံ့ဟာ အရပ်ရှစ်မျက်နှာသို့ မွှေးပျံ့ကြိုင်လှိုင်ပြီး ပျံ့နှံ့နေတယ်။ ထိုအခါမှာ သူ့ကို လူတွေက ယုံကြည်လေးစားကြတယ်။ အားကိုးကြတယ်။ ဒီတော့ ခေါင်းဆောင်၊ လူကြီး၊ အကြီးအမှူးတာဝန်ပေးဖို့ ရွေးချယ်တင်မြှောက်တတ်တယ်။ အကယ်၍ တစ်စုံတစ်ယောက်ဟာ လူအများက အားကိုးယုံစားထိုက်တယ်ထင်လို့ ရွေးကောက်တင်မြှောက်လိုက်ခဲ့ပါရဲ့။ တကယ်တမ်းလက်တွေ့မှာကျ ဘာမှကိုယ်ကျင့်စာရိတ္တလည်းမကောင်းဘူး။ (ဘာကျင့်ဝတ်မှလည်း မစောင့်ထိန်းဘူး၊ အရှက်မဲ့စွာ၊ အကြောက်ကင်းစွာ သူပျော်သလို၊ သူကြိုက်သလိုစည်းမဲ့ကမ်းမဲ့ဥပဒေဘောင်ကျော် ချိုးဖောက်ပြီး လုပ်ချင်ရာလုပ်တတ်တဲ့ ပရမ်းပတာအမူအကျင့်ရှိသူဖြစ်တယ်) ဥပဒေကို လေးစားရကောင်းမှန်းတောင် မသိဘူးဆိုတာတွေ့ရတဲ့အခါ စည်းကမ်းဥပဒေအရ စစ်ဆေးအပြစ်ပေးရတဲ့ထိ ရောက်ရှိတတ်ပုံ၊ ရှေ့မှာ မြင်ရကြားရတဲ့သာဓကတွေလည်း သိကြပါလိမ့်မယ်။ ကံ ကံရဲ့အကျိုးပေးပုံ။

❖ အနှစ်ရှိတဲ့လူက သီလရှိရခြင်းရဲ့အကျိုးရလဒ်ကို အကြောင်းအကျိုးဆက်စပ်မှုနိယာမသဘောတရားအရ နားလည်သိမြင်တယ်။ ဒါကြောင့် သီလကိုစောင့်ထိန်းလိုက်နာကျင့်သုံးတယ်။ ဒီအခါမှာ သီလရနံ့ဟာ အရပ်ရှစ်မျက်နှာသို့ မွှေးပျံ့ကြိုင်လှိုင်ပြီးပျံ့နှံ့နေတယ်။ ထိုအခါမှာ သူ့ကိုလူတွေက ယုံကြည်လေးစားကြတယ်။ အားကိုးကြတယ်။ ဒီတော့ ခေါင်းဆောင်၊ လူကြီး၊ အကြီးအမှူးတာဝန်ပေးဖို့ ရွေးချယ်တင်မြှောက်တတ်တယ်။ အကယ်၍ တစ်စုံတစ်ယောက်ဟာ လူအများက အားကိုးယုံစားထိုက်တယ် ထင်လို့ ရွေးကောက်တင်မြှောက်လိုက်ခဲ့ပါရဲ့။ တကယ်တမ်းလက်တွေ့မှာကျ ဘာမှကိုယ်ကျင့်စာရိတ္တလည်း မကောင်းဘူး။ ❖

အခြေခံသဘောတရားအကြောင်းနဲ့ အကျိုးကတော့ ဘယ်သူဘယ်ဝါမို့ဆိုပြီး သက်ညှာခြင်း၊ မျက်နှာလိုက်ခြင်း မရှိပါဘူး။ ကောင်းတာပြုက ကောင်းကျိုးရမယ်။ ဆိုးတာအပြစ်အပြုအမူကျူးလွန်ပါက ဆိုးတဲ့အပြစ်ဒဏ် မလွဲမသွေခံရမှာပါပဲ။ ဒါကိုပင် ဘယ်သူ့ကြောင့်၊ ဘယ်လူကချောက်ချတာ၊ ဘယ်သူက ညစ်ပတ်တာ စသဖြင့် အကျိုးအကြောင်းမဆက်စပ်တဲ့ လွဲမှားစွပ်စွဲအပြစ်တင်စကားတွေပြောနေလည်း အပိုပဲ။ အဓိပ္ပာယ်မရှိပါ။

“ယံ ကမ္မံ ကရိဿာမိ၊ ကလျာဏံဝါ၊ ပါပကံဝါ၊ တဿဒါယဒေါ ဘဝိဿာမိတိ။”

ကုသိုလ်ကောင်းမှုပြုလုပ်ရင် ကုသိုလ်အကျိုးရမယ်။ အကုသိုလ်ဒုစရိုက်မကောင်းမှုကိုပြုလုပ်ရင် သူနဲ့အကြောင်းဆက်စပ်ဆီလျော်တဲ့ မကောင်းကျိုးအဆိုးဒဏ်ကို ခံစားကြုံတွေ့ရမှာပဲ။ ဘယ်လိုမှငြင်းဆန်ရှောင်လွှဲလို့မရနိုင်ပါဘူး။ ကမ္မနိယာမကို ဘယ်သူမှ လွန်ဆန်လို့မရ။

လောကီရေးရာတွေမှာလည်း သမိုင်းသဘောမှာဖြစ်စေ၊ သိပ္ပံသဘောမှာဖြစ်စေ၊ နိယာမ၊ သဘာဝတရားအကြောင်းအကျိုးတွဲဆက်မှုတွေကို လူသားတွေက အတွေ့အကြုံနဲ့ စမ်းသပ်လေ့လာမှုတွေအရ ဘယ်အရာဟာ ဘာကြောင့်ပါလားဆိုတာ သိမြင်နားလည်လာကြရပါတယ်။

လူတစ်ယောက်ချမ်းသာအောင်ဘယ်လိုနေမလဲ။
လူတစ်ယောက်ကျန်းမာအောင်ဘယ်လိုနေမလဲ။
လူတစ်ယောက်ပျော်ရွှင်အောင်ဘာလုပ်ရမလဲ။
ထိုနည်းအတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး။
လူ့အဖွဲ့အစည်းတစ်ခုတိုးတက်ဖွံ့ဖြိုးအောင် လူတွေက ဘယ်လိုလုပ်ရမလဲ။ ဘာတွေလုပ်ကြရမလဲ။

အတွေ့အကြုံသင်ခန်းစာတွေအရ သိမြင်ကာနားလည်ထားကြတာတွေရှိနေပါတယ်။ ဉာဏ်ကြီးရှင် သိပ္ပံပညာရှင်ကြီးတွေက နိယာမအသစ်၊ သီအိုရမ်အသစ်တွေ့ရှိဖော်ထုတ်နိုင်လို့ လူတွေက သူ့ကို ဝိုင်းပြီးချီးကျူးကြတဲ့အခါ “ကျွန်တော် တော်လို့တော့မဟုတ်ပါ။ ကျွန်တော်အများကြီးကြိုးစားခဲ့တာတော့မှန်ပါတယ်။ ကျွန်တော်တို့ရှေ့က မားမားမတ်မတ်ရပ်ပြီး ကျွန်တော်တို့ကို သူ့ပခုံးပေါ်ရပ်ဖို့ တင်ပေးခဲ့ကြတဲ့ ရှေ့က ရှေ့က ပညာရှင်ကြီးတွေရဲ့ ကျေးဇူးပြုခဲ့ခြင်းကြောင့်လည်း ဒီလိုမြင်တာ၊ သိတာ၊ တွေ့ရှိခဲ့တာဖြစ်ပါတယ်”တဲ့။

အလားတူပဲ ရှေ့က လူသားတွေထက် ပိုမိုကောင်းမွန်တဲ့အခြေအနေ၊ ပိုမိုသာယာအေးချမ်းလှပတဲ့ ကမ္ဘာမြေကို အနာဂတ်မှာတည်ဆောက်ချင်ရင် ကျွန်တော်တို့လုပ်ဆောင်မှုအလုပ်တွေထဲမှာ စေတနာ၊ မေတ္တာတရား၊ ပေးဆပ်စွန့်လွှတ်ခြင်းနဲ့ ရည်ရွယ်ချက်ထက်သန်စွာ လုံ့လဝီရိယရှိကြခြင်းတို့ လိုအပ်မှာပဲ။

စာရေးသူဟာ နှစ်ပေါင်းအတော်ကြာကြာ သတင်းစာလောက၊ သတင်းဆောင်းပါးရှင်ဘဝကို ဖြတ်သန်းခဲ့ပါတယ်။ သတင်းသမားလောကကို ယခုထက်ပိုမိုအေးချမ်းလုံခြုံပြီး စိတ်ချမ်းသာကြတဲ့အခြေအနေမျိုးလည်း တိုးတက်ဖွံ့ဖြိုးစေလိုပါတယ်။ သတင်းလောကသားတွေကိုယ်တိုင်ကလည်း ဖြောင့်မတ်ရိုးသားပြီး လူအများက လေးစားယုံကြည်ထိုက်သူတွေဖြစ်ကြစေချင်ပါတယ်။ ဆွမ်းဆန်ဖြူဖြူထဲ ကြွက်ချေးမည်းမည်းတွေ မပါစေချင်။

ကျွန်တော်တို့အားလုံးက ကိုယ်ကျင့်တရားနဲ့ ကျင့်ဝတ်လည်း ကောင်းအောင်ကြိုးစားကြမယ်။ မိမိတို့စွမ်းဆောင်နိုင်မှု အရည်အသွေး၊ အရည်အချင်းကိုလည်း လူ့ဘောင်အဖွဲ့အစည်းကို ထိထိရောက်ရောက်ကောင်းကျိုးပြုနိုင်စွမ်းရှိသူတွေဖြစ်အောင် အဆက်မပြတ် လေ့လာ၊ လေ့ကျင့်မြှင့်တင်နေကြသူတွေဖြစ်စေလိုပါတယ်။

သတင်းမီဒီယာလုပ်ငန်းက ကျယ်ပြန့်ပါတယ်။ လူသားတွေအပြင် ပစ္စည်းကိရိယာ၊ စက်မှုနဲ့သိပ္ပံနည်းပညာဆိုင်ရာအထောက်အကူများစွာ အသုံးပြုကြရပါတယ်။ ဒီအလုပ်ထဲမှာ လုပ်ငန်းအတတ်ပညာအပြင် အနုပညာ၊ တင်ဆက်မှုပညာအပြင် နည်းစနစ်အတတ်ပညာတွေလည်း လိုအပ်ပါတယ်။ အများကြီးကြိုးစားအားထုတ်ကြရမယ်ဆိုတဲ့ မြင်ကွင်းကျယ်သဘောကို ပြောလိုတာဖြစ်ပါတယ်။

နမူနာတစ်ခုအနေနဲ့ စကားပြောဆိုခြင်းနဲ့ စာရေးသားခြင်းတို့မှာဆိုရင် ထိရောက်စေတဲ့ **“စံလက္ခဏာသဘော”** အချက်တွေရှိထားပါတယ်။ ဘာသာဗေဒ၊ မြန်မာစာ၊ အင်္ဂလိပ်စာပါမောက္ခတွေ ရေးသားထားတာတွေ အများကြီးရှိခဲ့သလို ဘဝမြှင့်တင်ရေးတက်ကျမ်းရေးသူတွေရေးသားတဲ့ အောင်မြင်စွာဟောပြောနည်း၊ အကောင်းမွန်ဆုံးရေးသားနည်း စာအုပ်စာပေတွေလည်း မနည်းမနော အသင့်ရှိကြပါတယ်။ ဘာလိုသလဲဆိုတော့ စာများများဖတ်ကြဖို့သာ လိုအပ်ပါတယ်။ မဖတ်ရင်မသိ၊ မကြည့်ရင် နားမလည်ပါ။ ရှာဖွေလေလေ တွေ့ရှိလေလေပါပဲ။

စကားဟောပြောတာကောင်းချင်ရင် ဟောနည်း၊ ပြောနည်းစာအုပ်တွေ လေ့လာမှတ်သားရမှာပေါ့။ ဒါက သဘောတရား။ အကြောင်းရင်းကို ဖွေရှာခြင်းပါပဲ။

စာကောင်းပေကောင်းရေးချင်ရင် ရှေ့က စာအရေးကောင်းကြသူတွေရဲ့ လက်ရာများစွာကို စိစစ်ဝေဖန်သုံးသပ်ပြီး အတုယူရမှာမဟုတ်ပါလား။ စာကောင်းပေကောင်း ဘယ်လိုရေးမလဲ။ စာရေးကောင်းသူဖြစ်စေနည်းဆိုတဲ့ စာအုပ်အမျိုးမျိုး။ အထူးအပါး၊ အတိမ်အနက်၊ အကျဉ်းအကျယ်အမျိုးမျိုးကို လေ့လာမှတ်သားရပေလိမ့်မယ်။ အရေးကောင်းခြင်း၊ အဟောအပြောကောင်းခြင်းရဲ့ စံလက္ခဏာသဘောတချို့ကို နမူနာဖော်ပြရင်း နိဂုံးချုပ်ပါတယ်။ မှတ်သားကျင့်သုံးနိုင်ပါစေ။

| | | |
|---|---|---|
| (၁) | မှန်ကန်ရမည် | Correct, Right |
| (၂) | ရှင်းလင်း | Clear, Clean |
| (၃) | တိကျ | Exact, Particularity |
| (၄) | ပြေပြစ် | Elegant |
| (၅) | ကျစ်လျစ် | Concise |
| (၆) | လိုက်ဖက် | Compatible |
| (၇) | ဆီလျော် | Current |
| (၈) | ရသအလှ | Aesthetic |
| (၉) | အနုပညာ | Artistic |
| (၁၀) | ဆွဲဆောင် | Attractive, Magnetic |
| (၁၁) | ဖမ်းစား | Magic |

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပိုလ်ကီတ်ပဲ ၅၀၅၉ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် ပိုလ်ကီတ်ပဲ ၅၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပိုလ်ကီတ်ပဲ ၅၀၅၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ပိုလ်ကီတ်ပဲခင်းများကို ယခုနှစ် မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပိုလ်ကီတ်ပဲ ၅၀၅၉ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် ပိုလ်ကီတ်ပဲ တစ်ဧကလျှင် ၁၇ ဒသမ ၃၃ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အတွင်းမှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက ပိုလ်ကီတ်ပဲ ၅၀၅၉ ဧက ထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ စိုက်ပျိုးထားတဲ့ ပိုလ်ကီတ်ပဲတွေ အရည်အသွေး ကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ တစ်ကေချင်း အထွက်နှုန်းညီစေဖို့ ခရိုင်နဲ့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ပိုလ်ကီတ်ပဲများ အထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်း လုပ်ငန်းများ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှု မှန်ကန်စေရေးနည်းစနစ်များ၊ ဒေသမြေအနေအထားနှင့် စိုက်ပျိုးနည်းစနစ်များ စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်းနှင့်ဖူးစားပြောင်း ၉၈၃၁ ဧက စိုက်ပျိုးသွားမည်

**စစ်ကိုင်း ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်းနှင့်ဖူးစားပြောင်း ၉၈၃၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်း ၃၃၃၅ ဧကနှင့် ဖူးစားပြောင်း ၆၄၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း နှံစားပြောင်းနဲ့ ဖူးစားပြောင်း ၉၈၃၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။



စစ်ကိုင်းမြို့နယ်တွင် ပြောင်းစိုက်မည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နှံစားပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးရာတွင် နှံစားပြောင်းတစ်ဧကလျှင် ၁၉ တင်းကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၃၅၀၀၀၀ ကုန်ကျကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်း အဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၅၀၀၀၀၀ ကုန်ကျကြောင်း သိရသည်။

(၂၀၆)

# အောင်လံမြို့နယ်၌ လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်ပွဲ ကျင်းပ

**အောင်လံ ဇွန် ၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေ ရရှိစေရန်၊ အသိပညာများ၊ အတတ်ပညာများတိုးတက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းတွင် လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးပြီး သင်တန်းတွင် လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါလျှပ်စစ်သံဂဟေဆက်သင်တန်းကို ယနေ့မှ ဇွန် ၁၇ ရက်ထိ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ပြီး ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

**ကိုလှိုင်**

# သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သံတောင်ကြီး ဇွန် ၃**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၁ သိန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်ထံမှ သိရသည်။

**ကိုသက်**

# ပေါင်မြို့နယ် ကျောက်ရေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် ဇွန် ၃**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ရေတွင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပေါင်မြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ကျောက်ရေတွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၀ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၄ ဒသမ ၈ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

**သုတ**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး



နှစ်စဉ် ဇွန်လ ၅ ရက်နေ့သည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဖြစ်သည်။ ကမ္ဘာ့ခေါင်းဆောင်များသည် ယိုယွင်းပျက်စီးလာသော ဤကမ္ဘာမြေကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ၁၉၇၂ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ နှစ်စဉ် ဇွန်လ ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများသည် ၁၉၇၄ ခုနှစ်မှစ၍ ထိုအခမ်းအနားကို စတင်ကျင်းပခဲ့ကြသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်သည် "Land restoration, desertification and drought resilience - သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"ဖြစ်သည်။ ယခုနှစ် အခမ်းအနားကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် ကမ္ဘာတစ်ဝန်း သဲကန္တာရများ ဖြစ်ပေါ်လာမှုများနှင့် မိုးခေါင်ရေရှားမှုဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ အမှန်တော့ မြေယာပြန်လည်ပြုပြင်ခြင်းသည် ဂေဟစနစ်ထိန်းသိမ်းရာ၌ များစွာအရေးပါလျက်ရှိသည်။

**ယိုယွင်းပျက်စီးလာ**

လူသားတို့သည် ကမ္ဘာဦးအစကတည်းကပင် သဘာဝပတ်ဝန်းကျင်အပေါ်မှီခိုကာ အသက်ရှင်နေထိုင်ခဲ့ကြရသည်။ ကမ္ဘာဦးအစ လူသားတို့သည် ဆန်စပါးအတွက် မြေလွတ်မြေရိုင်းများတွင် မျိုးစေ့များကြဲပက်စိုက်ပျိုးခြင်း၊ အသား၊ ငါးအတွက် တောကောင်းများဖမ်း၍ ချက်ပြုတ်စားသောက်ခြင်းဖြင့် ရိုးရှင်းစွာ နေထိုင်စားသောက်လာခဲ့ကြသည်။ သို့သော် ခေတ်ကာလရွေ့လျားမှုနှင့်အတူ လူသားတို့၏ အသိပညာဗဟုသုတတိုးပွားလာမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် လိုချင်တပ်မက်မှု ကြီးထွားလာမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်မှ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲမှုသည် ပိုမိုများပြားလာခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ကမ္ဘာမြေကြီးသည် အရင်းအမြစ်များ ခန်းခြောက်လာသောကြောင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာနေပြီဖြစ်သည်။ နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် ကမ္ဘာတစ်ဝန်း မိုးခေါင်ရေရှားမှုနှင့် သဲကန္တာရများဖြစ်ပေါ်မှုတို့ ပိုကျယ်ပြန့်လာခဲ့သဖြင့် သောက်သုံးရေနှင့်စားနပ်ရိက္ခာ ရှားပါးလာလျက်ရှိသည်။

**သဲကန္တာရများဖြစ်လာ**

စာရေးသူသည် အပူဆုံးမြို့ကြီးများစာရင်းတွင် ပါဝင်သည့် ချောက်မြို့နယ်အတွင်းက ကျေးရွာကလေးတစ်ရွာတွင် မွေးဖွားကြီးပြင်းခဲ့သည်။ ယခင်က ကျေးရွာပတ်ဝန်းကျင်တွင် ထနောင်း၊ ရှား၊ မန်ကျည်း၊ ကုက္ကိုပင်များနှင့် စိမ်းလန်းစိုပြည်ခဲ့သည်။ ကြည်နူးဖွယ်ရာဖြစ်ခဲ့သည်။ ထိုစဉ်က နွေရာသီကျောင်းပိတ်ရက်တွင် နွားကျောင်းရင်း ထနောင်းပင်ရိပ်၌ အနားယူခဲ့ရသည်ကို ပြန်လည်သတိရမိသည်။ ဥတုရာသီလည်းမျှတသဖြင့် သီးနှံများအထွက်နှုန်းကောင်းခဲ့သည်။ ယခုတော့ ထိုသို့စိမ်းလန်းစိုပြည်နေသည့် သစ်ပင်ကြီးများ မရှိတော့ဘဲ ကျေးရွာပတ်ဝန်းကျင်သည် လွင်တီးခေါင်ပြင်ဖြစ်နေပြီး နွေရာသီဆိုလျှင် အရိပ်ခိုစရာပင်မရှိတော့ပေ။ စိတ်မကောင်းစရာပင်ဖြစ်သည်၊ စီမံကိန်းများ အကောင်အထည်ဖော်မှုနှင့် ထင်းခုတ်ယူမှုများကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာကြီးပူနွေးလာပြီး ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကို ခပ်စိပ်စိပ်ကြုံတွေ့နေရပြီဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ရွှေ့ပြောင်းတောင်ယာဖော်ထုတ်မှု၊ သစ်ထုတ်လုပ်မှု၊ မီးသွေးထုတ်လုပ်မှုများနှင့် မြို့ပြအဆောက်အအုံများဖော်ထုတ်မှုများကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးလာလျက်ရှိသည်။ အချို့သောဒေသများဆိုလျှင် သဲကန္တာရများ ဖြစ်လာလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် မိုးခေါင်ရေရှားမှုနှင့် စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသည်၊ မြေယာပြန်လည်ပြုပြင်မှုများ အချိန်မီဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်း သဲကန္တာရဖြစ်ပေါ်မှုနှုန်းသည် ကြောက်ခမန်းလိလိ များပြားလာလျက်ရှိသည်။ အထူးသဖြင့် နှစ်စဉ် ကမ္ဘာတစ်ဝန်း မြေဟက်တာ ၁၂ သန်းခန့်သည် သဲကန္တာရဖြစ်ထွန်းမှုကြောင့် စိုက်ပျိုးမရသည့် မြေအဖြစ်သို့ ပြောင်းလဲလာလျက်ရှိသည်။ အာဖရိကတိုက်မြောက်ပိုင်းရှိဆာဟာရ(Sahara)သဲကန္တာရကြီးသည် စတုရန်းမိုင် ၃၅၀၀၀၀၀ ရှိသည်။ အကျိုးဆက်အနေဖြင့် ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်း စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းခန့်သည် မြေအရည်အသွေး ကျဆင်းလာခဲ့သည်။ ထို့ကြောင့် အနာဂတ် စားနပ်ရိက္ခာဖူလုံရေးကိုမျှော်မှန်းကာ မြေယာပြုပြင်မှုလုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်သွားရန် လိုအပ်လာပြီဖြစ်သည်။

**မိုးခေါင်ရေရှားလာ**

ကမ္ဘာမြေကြီး၏ ၇၀ ရာခိုင်နှုန်းသည် ရေနှင့်ဖုံးလွှမ်းလျက်ရှိသော်လည်း ကမ္ဘာ့လူဦးရေ လေးဘီလီယံခန့်သည် ရေရှားပါးမှုဒဏ်ကို တစ်နှစ်လျှင် အနည်းဆုံး တစ်လခန့် ကြုံတွေ့ရလျက်ရှိသည်။ လူဦးရေ နှစ်ဘီလီယံကျော်သည် ရေဖူလုံမှုမရှိသော နိုင်ငံများတွင် နေထိုင်ရလျက်ရှိသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် ရေရှားပါးသည့် ဒေသများတွင် နေထိုင်ရတော့မည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၇၀၀ ခန့်သည် အလွန်အမင်း ရေရှားပါးမှုနှင့် ကြုံတွေ့ရတော့မည်ဖြစ်သောကြောင့် အိမ်ခြေရာမဲ့များ ဖြစ်လာတော့မည်ဖြစ်သည်။ ထို့ပြင် ၂၀၄၀ ပြည့်နှစ်တွင် ကလေးငယ်လေးဦးလျှင် တစ်ဦးသည် အလွန်အမင်း ရေရှားပါးမှုအန္တရာယ်နှင့် ကြုံတွေ့ရတော့မည်ဖြစ်သည်။

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်း၌ ရေရရှိရေးအတွက် နည်းလမ်းကောင်းများ တိုးတက်လာသော်လည်း လူဦးရေ သန်း ၁၀၀၀ ခန့်သည် သန့်ရှင်းသော သောက်သုံးရေမရှိနိုင်သေးသည့်အပြင် ကျန်လူဦးရေ သန်း ၂၅၀၀ ခန့်သည်လည်း ကျန်းမာရေးအတွက် ညီညွတ်သောရေကို ဖူလုံစွာမရှိကြသေးပါ။ ထို့ပြင် ၂၀၂၅ ခုနှစ် ရောက်ရှိချိန်တွင် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် ရေကိုအခြေခံသည့် ရောဂါများနှင့် ရင်ဆိုင်ရမည်ဟု သဘာဝပတ်ဝန်းကျင် လေ့လာသုံးသပ်သူများက ဆိုထားသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲဒေသများတွင် ရေလိုအပ်ချက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဟုဆိုသည်။

အနာဂတ်တွင် ကြုံတွေ့ရနိုင်သည့် ပဋိပက္ခများသည် နိုင်ငံရေးကြောင့်မဟုတ်ဘဲ သောက်သုံးရေရရှိရေးကို အကြောင်းပြု၍ ဖြစ်ပွားလာမည်ဟုဆိုသည်။ လူဦးရေတိုးပွားလာမှုသည်လည်း ရေရှားပါးရခြင်း၏ အခြေခံအကြောင်းရင်းတစ်ခုဖြစ်သည်။ ရေရှားပါးမှု ကြုံတွေ့နေရပြီးဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၃၅၀၀ ခန့်သည် ရေရှားပါးပြတ်လပ်မှုနှင့်ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားရှိသည်။ ထို့ကြောင့် ရေအရင်းမြစ်များကို အချိန်မီစနစ်တကျ ထိန်းသိမ်းကာကွယ်မှုမရှိလျှင် ရေရှားပါးပြတ်လပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။

ပစ်ခတ်လာခြင်းတို့ကြောင့် ကမ္ဘာမြေကြီးအပေါ် ဆိုးကျိုးများဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် သဲကန္တာရများဖြစ်ပေါ်လာခြင်းနှင့် မိုးခေါင်ရေရှားခြင်း စသည့်ဆိုးကျိုးများကို လူသားတို့ ရင်ဆိုင်နေကြရပြီဖြစ်သည်။

သစ်တောပြုန်းတီးမှုများကြောင့် လူသားတို့အပေါ် များစွာသောဆိုးကျိုးများကို သက်ရောက်စေနိုင်ပါသည်။အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်လိုက်သော အခိုးအငွေ့များကို စုပ်ယူနိုင်စွမ်းမရှိတော့သဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လာသဖြင့် မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းထန်ခြင်း၊ အပူလှိုင်းများ၊ အအေးလှိုင်းများကျရောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ သေကျေပျက်စီးကြသဖြင့် ဂေဟစနစ်ပျက်ယွင်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေလျှံခြင်း၊ လေထုအတွင်း၌ ရေငွေ့ခန်းခြောက်လာခြင်း၊ စားနပ်ရိက္ခာရှားပါးလာခြင်း စသည့်ဆိုးကျိုးများစွာကို ဖြစ်ပေါ်လာစေပါသည်။

စင်စစ်အားဖြင့် သစ်ပင်များသည် လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်များ၊ အနံ့ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့်အမြစ်များသည် မိုးရေကိုစုပ်ယူထားသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။

❖ သစ်တောပြုန်းတီးမှုများကြောင့် လူသားတို့အပေါ် များစွာသော ဆိုးကျိုးများကို သက်ရောက်စေနိုင်ပါသည်။ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်လိုက်သော အခိုးအငွေ့များကို စုပ်ယူနိုင်စွမ်း မရှိတော့သဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လာ သဖြင့် မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းထန်ခြင်း၊ အပူလှိုင်းများ၊ အအေးလှိုင်းများ ကျရောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ သေကျေပျက်စီး ကြသဖြင့် ဂေဟစနစ်ပျက်ယွင်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေလျှံခြင်း၊ လေထုအတွင်း၌ ရေငွေ့ခန်းခြောက်လာခြင်း၊ စားနပ်ရိက္ခာ ရှားပါးလာခြင်း စသည့်ဆိုးကျိုးများစွာကို ဖြစ်ပေါ်လာစေပါသည်။ ❖

**သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး**

ဆိုရလျှင် လူသားတို့၏ အတောမသတ်နိုင်သော လောဘကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာနေပြီဖြစ်သည်။ သစ်တောသစ်ပင်များကို လွန်ကဲစွာခုတ်လှဲရောင်းချလာခြင်း၊ စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် နေရာများတွင် ရေသယံဇာတများကို အကန့်အသတ်မဲ့ ထုတ်ယူသုံးစွဲလာခြင်း၊ မြေအောက်နှင့် ရေအောက် သယံဇာတများကို အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချလာခြင်းနှင့် သိုလှောင်လာခြင်း၊ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ဓာတုဆေးရည်များကို မြစ်ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ တာဝန်မဲ့စွာ စွန့်ပစ်ခြင်း၊ လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လွန်ကဲစွာထုတ်လွှတ်သည့် စက်ရုံအလုပ်ရုံများနှင့် စီမံကိန်းများအပြိုင်အဆိုင် တည်ဆောက်လာခြင်းနှင့် ဖျက်စွမ်းအားပြင်း လက်နက်များကို ပင်လယ်သမုဒ္ဒရာများအပါအဝင် မြေပေါ်၊ မြေအောက်နေရာပေါင်းစုံတွင် စမ်းသပ်အထူးသဖြင့် မိုးရေများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။

လက်ရှိအချိန်တွင် ကမ္ဘာကြီး၏ ၃၀ ရာခိုင်နှုန်းခန့်သာရှိသော မြေထုသည် လူသားတို့၏ ပယောဂကြောင့် မူလကတည်းကတည်ရှိပြီး သဲကန္တာရကြီးများသည် ပိုမိုကျယ်ပြန့်လာလျက်ရှိသည်။ ထိုသို့ ဖြစ်ပေါ်လာသောသဲကန္တာရများ လျှော့ချနိုင်ရေးနှင့် မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်ရေးတို့အတွက် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည်ထိ မြေယာများ ပြန်လည်ပြုပြင်သည့် လုပ်ငန်းများတွင် ပြည်သူအားလုံး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- world environment day 2024 - Search (bing.com)

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဘီလူးအက

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**



ငယ်စဉ်ကရုပ်သေးပွဲကြည့်ရင်း ဟိမဝန္တာခန်း လာမြင်း၊ မျောက်၊ ဘီလူး၊ ဇော်ရုပ်လေးများနှင့် ရင်းနှီးခဲ့သည်။ အစွယ်ပြူးပြူးဖြင့် ဘီလူးရုပ်ကိုမြင်သော်လည်း "အရုပ်"ဟူသောအသိစိတ်ဖြင့် ကြောက်စိတ်ကင်းခဲ့သည်။ ဇာတ်စင်ပေါ်က လူဘီလူးကိုမြင်တော့ အနည်းငယ်လန့်တတ်လာသည်။ ရာမာယဏဇာတ်တော်ကို ကြည့်လာရချိန်တွင် ဒသဂီရိဘီလူးမင်းကြောင့် ထွေပြားသော "ရသ"ကို ရလာတော့သည်။ ဘီလူးရုပ်၊ ဘီလူးကကိုလည်း သေချာစေ့ငုံမိတော့သည်။

ဘီလူးအမည်မှာ မြန်မာဘာသာဖြစ်သည်။ တစ်နည်းအားဖြင့် ပါဠိဘာသာ "ဘီရု" မှဘီလူးဖြစ်လာသည်။ "ဘီ"၌ "ဣ"ကို "ဤ" ပြောင်းလဲ၍၊ "ရု"၌ "ရ" "ကို "လ"။ "ဥ" "ကို" "ဦ"ပြောင်းလဲ၍ ဝစ္စနှစ်လုံးထည့်ကာ "ဘီလူး"ဖြစ်လာသည်ဟုပေါရာဏကထာဋီကာတွင်အဆိုရှိသည်။

ဘီလူးကိုပါဠိဘာသာအားဖြင့် ယက္ခ၊ ရက္ခိုက်၊ ကုမ္ဘဏ္ဍ၊ ဒေဝ၊ ဘူတ၊ ဒါဝန၊ ပေတ၊ ပိသာစ၊ အမနုဿဟူ၍အမည်အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲလေ့ရှိကြသည်။ မြန်မာဘာသာအားဖြင့် "ဘီလူး"၊ "ရက္ခိုသ်"၊ ကုမ္ဘဏ်၊ နတ်၊ ဖုတ်၊ မြေဖုတ်၊ ဒါနော၊ ပြိတ္တာ၊ တစ္ဆေ၊ ဥပါဟူ၍အမည်အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲလေ့ရှိကြသည်။ အမည်အမျိုးမျိုးရှိငြား အကျဉ်းအားဖြင့် (၁) ကုန်း၌နေသော ကုန်းဘီလူး။ (၂) ရေ၌နေသော ရေဘီလူးအားဖြင့် နှစ်မျိုးသာဖြစ်သည်။ ကုန်းဘီလူးတို့သည် တော၊ တောင်၊ သစ်ပင်၊ အဆောက်အအုံ၊ မြေပြင်၌နေကြသည်။ ရေဘီလူးသည် သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်၌နေကြသည်။ အချို့ဘီလူးတို့သည် နတ်မင်းကြီးတို့ထံမှလည်းကောင်း၊ ဘုရင်မင်းမြတ်ထံမှလည်းကောင်း၊ နေရာအရပ်ကို ပိုင်းခြားသတ်မှတ်၍လည်းကောင်း၊ အချိန်အခါကို ပိုင်းခြားသတ်မှတ်၍လည်းကောင်း၊ တရားသဘောကို ပိုင်းခြားသတ်မှတ်၍လည်းကောင်း၊ အမှုအရာကို ပိုင်းခြားသတ်မှတ်၍လည်းကောင်း၊ သတ္တဝါတို့ကို စားသောက်ရန် အပိုင်စားရကြသည်။ အချို့ဘီလူးတို့သည် အပိုင်စားမရကြဘဲ သင့်သလိုရှာဖွေစားသောက်ရသည်။ အချို့ဘီလူးတို့သည် သတ္တဝါတို့ကို မစားသောက်ကြဘဲ နတ်၌ဖြစ်သောအစာ သို့မဟုတ် လူတို့ပူဇော်ပသသောအစာကို စားသောက်ကြသည်။ အချို့ဘီလူးတို့သည် တန်ခိုးအာနုဘော်ကြီးမားကြသည်။ အချို့ဘီလူးတို့သည် တန်ခိုးအာနုဘော်သေးနုပ်ကြသည်။

အချို့ဘီလူးတို့သည် လက်နက်အမျိုးမျိုးကိုင်ဆောင်ကြသည်။ အချို့ဘီလူးတို့သည် လက်နက်ကိုင်ဆောင်ခြင်းမရှိကြကုန်။ နတ်ဘီလူးတို့သည် မိမိတို့ကိုယ်ကို လူတို့မမြင်အောင် ကွယ်ဖျောက်နိုင်ကြသည်။ မြင်အောင်လည်းပြနိုင်သည်။ သတ္တဝါအမျိုးမျိုး၊ ရုပ်အဆင်းသဏ္ဌာန် အမျိုးမျိုးဖြစ်လာအောင် ဖန်ဆင်းပြောင်းလဲနိုင်ကြသည်။ ဘီလူးသည် နတ်ပြည်၌လည်းဖြစ်ကြသည်။ လူ့ပြည်၌လည်းဖြစ်ကြသည်။ နတ်ပြည်၌ဖြစ်သော ဘီလူးများမှာ စတုမဟာရာဇ်နတ်များဖြစ်ကြသည်။ လူ့ပြည်၌ဖြစ်သော ဘီလူးများမှာ နတ်များ၊ ရက္ခိုသ်များ၊ ဖုတ်များ၊ မြေဖုတ်များ စသည်တို့ဖြစ်ကြသည်။

မြတ်စွာဘုရားလက်ထက် "အာဠဝက"ဘီလူးဆိုလျှင်လူတိုင်းသိသည်။ "သုစိလောမဘီလူးနှင့် ခရလောမဘီလူးတို့သည် ဘုရား၏တရားကိုနာရ၍ သောတာပန်အရိယာဖြစ်ကြသည်။ သာတာဂီရိတောင်၌နေသော သာတာဂီရိနတ်ဘီလူးစစ်သူကြီးနှင့် ဟေမဝတတောင်၌နေသော ဟေမဝတနတ်ဘီလူးစစ်သူကြီးနှစ်ဦးတို့သည် တစ်ထောင်သော နတ်ဘီလူးအပေါင်းခြံရံလျက် မိဂဒါဝုန်တော မြတ်စွာဘုရားထံသို့သွား၍ တရားနာကြရာ ကျွတ်တမ်းဝင်၍ သောတာပန်အရိယာအဖြစ်သို့ ရောက်ကြသည်။ ထို့ပြင် ၅၅၀ ဇာတ်တော်များ၊ ဓမ္မပဒနှင့် ပုံပြင်ဒဏ္ဍာရီတို့မှတစ်ဆင့် ဘီလူးဟူသည်ကို အများကသိလာကြသည်။ မဟာရာဇဝင်တော်ကြီး ပထမတွဲတွင် ပုဂံပြည် အနော်ရထာမင်းစောသည် လယ်တွင်းကိုးခရိုင်မှပြန်လာ၍ ပုဂံမြို့သရပါတံခါးသို့ ရောက်သောအခါ မုဆိုးတစ်ယောက်သည်အောင်သာ မြစ်ခြေအရပ်၌ ကျွဲရိုင်းတစ်ကောင်သည် လူတို့ကိုရန်ပြု၍နေပါသည်ဟု လျှောက်ထားလာလေသည်။

မင်းကြီးသည်မြို့တော်သို့မဝင်သေးဘဲ ဆင်နှင့်တိုက်သတ်မည်ဟုမိန့်ဆိုကာ ဆင်တော်"သန်မြင်စွာ"ကိုစီးလျက်စစ်သည်ဗိုလ်ပါနှင့်တကွ ကျွဲရိုင်းနောက်ကိုလိုက်တော်မူသည်။ ကျွဲရိုင်းသည် မင်းကြီးကိုခတ်လိုက်ရာ မင်းကြီးနတ်ရွာစံတော်မူသည်။ ထိုကျွဲရိုင်းကားရန်သူဖြစ်ဖူးသော ထိန်ပင်စောင့်နတ်က ကျွဲယောင်ဆောင်၍ ခတ်ခြင်းဖြစ်သည်။ နတ်ဆိုသော်လည်း ကျွဲယောင်ဆောင်နိုင်သဖြင့် နတ်ဘီလူးဖြစ်သည်။ အထူးသဖြင့် ဘုရင်မင်းမြတ်များ နတ်ရွာစံခါနီး၌ ဘီလူးရယ်သည်၊ ဘီလူးကိုယ် ထင်ပြသည်ဟု အဆိုရှိသည်။

ဘုရင်မင်းမြတ်တို့သည် နန်းတော်၌လည်းကောင်း၊ မြို့တော်၌လည်းကောင်း၊ ကျောင်းကန်၊ ဘုရားတန်ဆောင်း စသောအဆောက်အအုံများ၌လည်းကောင်း၊ အပြောက်အမွမ်းသဘောဖြင့်လည်းကောင်း၊ အစောင့်အရှောက်သဘောဖြင့်လည်းကောင်း ဘီလူးရုပ်လုံးများ ထုလုပ်ထားသည်ကို တွေ့မြင်ရသည်။ ထုလုပ်ထားသည့်ဘီလူးရုပ်တို့သည် နတ်ဝတ်တန်ဆာနှင့် လက်ယာဒူးတောင်၊ လက်ဝဲဒူးချ၊ လက်ယာလက်သန်လျက်စွဲ၊ လက်ဝဲလက်ထောက်၊ ဗောင်းသရဖူဆောင်းလျက်ဟန်ပင်ဖြစ်သည်။ ဘီလူးတို့သည်လူယောင်ဖန်ဆင်းနိုင်သော်လည်း လူနှင့်မတူချေ။ မျက်စိနီခြင်း၊ မျက်စိမမှိတ်ခြင်း၊ အရိပ်မထွက်ခြင်း၊ မကြောက်ရွံ့ခြင်းတို့ရှိကြသည်။ တစ်ဖန် သနားမှုကင်းမဲ့ခြင်းလည်း ပါဝင်ပြန်သေးသည်။

သိပ္ပံပညာရပ်ထွန်းကားလာသောခေတ်တွင် သိပ္ပံပညာရှင်များက ရှေးဟောင်းပုံပြင်ပါ ဘီလူးတို့ကိုအယုံအကြည်မရှိကြချေ။ ဦးနှောက်အောက်အတက် (ပီတျူတရီဂလင်း)၏ဖောက်ပြန်မှုကြောင့် ကိုယ်ခန္ဓာ၏ တစ်စိတ်တစ်ဒေသ၌ အဆမတန်ကြီးထွားခြင်းသာဖြစ်သည်ဟု ဆိုကြသည်။ သို့သော်လည်း ရှေးဟောင်းဒဏ္ဍာရီလာသတ္တဝါတို့သည် အနုပညာပြောက်မွမ်းမှုကြောင့် အနုပညာစင်မြင့်အထက်သို့ ရောက်လာကြသောအခါ ကပြဖျော်ဖြေသူတို့ဖြစ်လာကြတော့သည်။ ကပြတင်ဆက်ရင်း ဘီလူးစရိုက်ကို ဖော်ကျူးကြသည်။ ရုပ်သေးသဘင်၌ ပွဲဦးအနေဖြင့်ပင် ပါဝင်လာခဲ့သည်။ ကမ္ဗဇိဒ္ဓိတန်ခိုးဖြင့် ကောင်းကင်တွင် ပျံသန်းကျက်စားနိုင်သည့် ဂဠုန်၊ နဂါး၊ ဘီလူး၊ ဇော်ဂျီတို့ဖြင့် သရုပ်ဖော်သောအကတို့တွင် ဘီလူးရုပ်သည် အရုပ်တစ်ရုပ်အနေဖြင့် ပါဝင်လာခဲ့သည်။ လူကိုယ်တိုင်ကပြသော ဘီလူးအကကိုမူ ရာမဇာတ်ကကူးစက်ရောက်ရှိလာသည်။ မည်သို့ပင်ဆိုစေ မြန်မာ့သဘင်စင်မြင့်၌ အကတစ်မျိုး ဖန်တီးရောက်ရှိလာခြင်းကိုမူ နှစ်သက်မိသည်။

ဝတ်စားဆင်ယင်မှုမှာ နတ်ဝတ်တန်ဆာနှင့် ဆင်တူသည်။ အရောင်မှာ အစိမ်းရောင်ဖြစ်သည်။ လက်၌ သန်လျက်ကို စွဲကိုင်သည်လည်းရှိသည်။ တင်းပုတ်ကိုစွဲ ကိုင်သည်လည်းရှိသည်။ ခေါင်း၌ဘီလူးပုံစံမျက်နှာဖုံးစွပ်လျက်ဘီလူးဟုသိစေသည်။ ဦးခေါင်းထိပ်တွင် သရဖူဆန်သောအချွန်ကို တစ်ပါတည်းဆောင်းပေးထားသည်။ ဤသို့ဆောင်းထားသူကို နန်းဘီလူးဟုခေါ်ကြသည်။ အချို့ဘီလူးတို့က ကြက်တောင်စည်းဟန်နောက်ဘက်သို့ ခပ်ကောက်ကောက်ချထားသည့်ဟန်ရှိသည်။ သူတို့ကိုမူ တောဘီလူးဟုခေါ်ကြသည်။ စင်စစ်ဇာတ်ရုပ် လိုအပ်ချက်အရ ခေါင်းဆောင်ကသရဖူ၊ နောက်လိုက်က ကြက်တောင်စည်းဆောင်းကြခြင်းသာဖြစ်သည်။

ဘီလူး၏ကဟန်တွင် ဦးစွာကောင်းကင်ယံသို့မော့၍ကြည့်ရသည်။ ကောင်းကင်တွင် တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည်စုံသူများ လှည့်လည်ကျက်စားလေ့ရှိရာ မိမိကိုရန်မူမည့်သူရှိ-မရှိ၊ ရန်သူရှိ-မရှိစုံစမ်းဟန်ဖြင့်မော့၍ကြည့်ရခြင်းဖြစ်သည်။ ကောင်းကင်သို့မော့ကြည့်ပြီးမည်သို့မျှ ထူးထူးခြားခြားမတွေ့ရသည့်အခါ မြေပြင်သို့တစ်ခါငြိကြည့်ရသည်။ မြေပြင်တွင်ထင်လျက်ရှိသည့်

**❖ ဘီလူးကဟန်တွင်ခြေထောက်ကို ၉၀ ဒီဂရီမြှောက်နိုင်ရုံ၊ ညာခြေညာလက်၊ ဘယ်ခြေဘယ်လက်လှုပ်ရှားရုံမျှဖြင့် ဘီလူးအကဖြစ်သည်ဟုမဆိုနိုင်ချေ။ ဘီလူးကရာတွင် ခါး၊ ရင်၊ တင်တို့၏ လှုပ်ရှားမှုများစွာပါဝင်သည်။ ခါးကိုနှစ်သက်သလို ရွှေ့ပြောင်းနိုင်မှုလည်းကောင်း၊ ရင်ကိုလှုပ်ရှားနိုင်မှုလည်းကောင်း၊ တင်ကိုလှုပစ္စာခါနိုင်မှုလည်းကောင်း ဘီလူးအကနှင့်ပြည့်စုံမည်ဖြစ်သည်။ ခါး၊ တင်၊ ရင်မပါသော ဘီလူးအကမှာ အရပ်သားအကသာဖြစ်သည်။ ဖော်ပြပါကဟန်သည် မြန်မာ့ဇာတ်သဘင်ဝယ် ကသောကဟန်ဖြစ်သည်။ ရာမာယဏကဲ့သို့သော ဇာတ်တော်များ၌ မူဘီလူးကဟန်သည် ယိုးဒယားကဟန်ဟုအလွယ်သိကြသည့် ကကြိုးကဟန်များ ရောစွက်လာသည်ကို တွေ့ရသည်။ ❖**

ခြေရာနှင့်အရိပ်စသည်တို့ကို ကြည့်ရှုအကဲခတ်၍မိမိအားရန်မူမည့်သူလော၊ မိတ်ဆွေလော၊ မိမိစားနိုင်သည့်သတ္တဝါလော။ မည်ကဲ့သို့သောသတ္တဝါများဖြစ်သည်ကိုခွဲခြားလေ့လာသည့် ခြေရာကောက်ဟန်ကိုကပြရသည်။ ခြေရာတို့ကိုလေ့လာပြီး အံ့ဩဖွယ်ရာတို့ကိုတွေ့ကအံ့ဩဟန်၊ စိတ်ဆိုးဖွယ်ရာတို့ကိုတွေ့က စိတ်ဆိုးဒေါသထွက်ဟန်၊ ကြုံးဝါးဟန်၊ သံလျက်ဖြင့်ထိုးခုတ်ဟန်၊ တိုက်ခိုက်ဟန်များပါဝင်အောင် ထည့်သွင်းထားကြသည်။ ဤသည်ကိုဘီလူးဟန်ရေးပြသည်ဟုလည်း ဆိုကြသည်။

ဘီလူးကဟန်တွင်ခြေထောက်ကို ၉၀ ဒီဂရီမြှောက်နိုင်ရုံ၊ ညာခြေညာလက်၊ ဘယ်ခြေဘယ်လက်လှုပ်ရှားရုံမျှဖြင့် ဘီလူးအကဖြစ်သည်ဟုမဆိုနိုင်ချေ။ ဘီလူးကရာတွင် ခါး၊ ရင်၊ တင်တို့၏ လှုပ်ရှားမှုများစွာပါဝင်သည်။ ခါးကိုနှစ်သက်သလို ရွှေ့ပြောင်းနိုင်မှုလည်းကောင်း၊ ရင်ကိုလှုပ်ရှားနိုင်မှုလည်းကောင်း၊ တင်ကိုလှုပစ္စာ ခါနိုင်မှုလည်းကောင်း ဘီလူးအကနှင့်ပြည့်စုံမည်ဖြစ်သည်။ ခါး၊ တင်၊ ရင်မပါသော ဘီလူးအကမှာ အရပ်သားအကသာဖြစ်သည်။ ဖော်ပြပါ ကဟန်သည် မြန်မာ့ဇာတ်သဘင်ဝယ် ကသောကဟန်ဖြစ်သည်။ ရာမာယဏကဲ့သို့သော ဇာတ်တော်များ၌ မူဘီလူးကဟန်သည် ယိုးဒယားကဟန်ဟု အလွယ်သိကြသည့် ကကြိုးကဟန်များ ရောစွက်လာသည်ကို တွေ့ရသည်။ လက်၊ ခြေ၊ ခါး၊ ခေါင်း၊ ပခုံးတို့၏ လှုပ်ရှားဟန်သည် ပျော့ဟန်ကွေးဟန်၊ ညွတ်ဟန်တို့ဖြင့် မူဒြာဆန်နေပြန်တော့သည်။ ဆိုင်းချက်ကြောင့်လည်း ထိုနှယ်ဆန်ရခြင်းဖြစ်သည်။

ဘီလူးအကတွင်စည်တိုကိုအားကိုး၍ ကရသည်။ ဘီလူးအက၏စည်းချက်မှာစည်တိုဖြစ်သည်။ တီးကွက်အသွားအလာမှာ ဘီလူးဆိုင်းဟုဆိုက အားလုံးသိပြီးဖြစ်သည်။ သီချင်းမပါသော တီးလုံးဆိုးလျှင်ယိုးဒယားသီချင်းတစ်ပုဒ်ပုဒ်ကို ဆက်လက်၍တီးမှုတ်ကြသည်။ စည်တိုရိုက်သူမှာ စည်းချက်မှန်မှန်ရိုက်ပေးရသည်။ သီချင်းဆုံးပါက ဗိန်းဗောင်းတီးပေးကြသည်။ ကပြသူကလည်း တီးချက်ကိုလိုက်၍ သွက်လက်ပေါ့ပါးစွာကပြရသည်။ ဗိန်းဗောင်း၏သဘောမှာစစ်တိုက်ခိုက်ဟန်အကဖြစ်သည်။

တီးကွက်ကိုကြည်ပါက ရှေးဦးစွာ "ကပိ"ကို အနှေးတီးသည်၊ စည်တိုမပါဘဲ စုံစည်းဖြင့် တီးမှုတ်ရသောတီးလုံးတေးသွားပင်ဖြစ်သည်။ ကပိဆိုသော စာသားကို "နန်းဘုံသီဟာဘွေ" ယိုးဒယားသီချင်းစာသား၌ "ယိုးဒယားကပိဆကာတမာ၊ နှိုင်းစံစရာ၊ အမည်နော်မတူရခြား၊ မျိုးအများအပြည့်ပြည့်အရှာရှာ" ဟူ၍တွေ့ရသဖြင့် ယိုးဒယားတီးချက်တစ်မျိုးဟု ဆိုရမည်ဖြစ်သည်။ ကပိအနှေးတီးချက်ကိုမူ "ချွတ်ကြီး" ဟုခေါ်ကြပြန်သည်။ ကပိတီးချက်ပြီးပါက ဒီပါအေးမြ အစချီရာမဇာတ် ဖြည့်ပတ်ပျိုးထဲမှ (တပိုးရေကြော်၊ ဝဲမော်ဝေ့ဝိုင်း၊ မျှော်လေတိုင်း၊ ခေါ်လေတိုင်း၊ ဗျာလှိုင်းဆူလို့၊ ပူရန်ကြွယ်၊ ပင်လယ်ကြီး၊ ဆီးလို့လို့လေး။) (ကောင်းကင်ထက် ငယ်က၊ ငှက်ကယ်လို၊ သည်ဟိုပျံတတ်နိုင်သေး။ ဟိုတိမ်ယံဘုံပျံဆန်း၊ နေနန်းနွယ့်၊ လဲ့ပြာပြာ၊ ကြမ္ဘာ ဘယ်ဝဋ်ကယ်။ ကံမို့လဲ၊ ဆွတ်လွတ်ကယ်အူချာပွေလို့၊ ဆွေးကြွေလှသည်။) စာသားပါ အပိုဒ်ကို တီးမှုတ်ပေးကြသည်။ သီချင်းပြီးလျှင် ချွတ်ကြီးတီးလုံးကိုအမြန်တီးသည်။ ဆက်၍တီးလုံးများ စည်းသုတ်တီးပြီးနောက် ဗိန်းဗောင်းတိုက်ခြင်းဖြင့် ပြီးဆုံးစေသည်။

ဘီလူးအကသည် ဟန်အမူအရာဖြင့် သရုပ်ဖော်သောအကအမျိုးအစားတွင်ပါဝင်သည်။ လှုပ်ရှားဟန်တို့မှာစည်းချက်၊ ဆိုင်းချက်ဝင်လျက်အကသဘောသက်ရောက်သဖြင့် သရုပ်ဖော်အကဟုဆိုခြင်းဖြစ်သည်။


**ကိုးကား**

၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၈)

၂၊ ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက ၂၇၆၆၀ ရိတ်သိမ်းပြီးစီး



**ကသာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက ၂၇၆၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၂၇၆၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၂ ဒသမ ၇၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ကသာခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၂၇၆၆၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ခင်းတွေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ် "ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၄၀၊ အင်းတော်မြို့နယ်တွင် ဧက ၁၀၉၅၀၊ ထီးချိုင့်မြို့နယ်တွင် ၁၅၃၃၅ ဧကနှင့်ဗန်းမောက်မြို့နယ်တွင် ၁၃၃၅ ဧက စုစုပေါင်း ဧက ၂၇၆၆၀ ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၇၆၆၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၂၇၆၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာခရိုင်တွင် နေကြာစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက်ပညာပေးခြင်း၊ တောင်သူမှတောင်သူမျိုးစေ့များ ဖလှယ်ခြင်း၊ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက်နည်းပညာပေးခြင်း၊ သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲနည်းများပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် အသိပညာပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးသင်တန်းများ၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ရေတာရှည်မြို့နယ် နန်းချွန်တောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းပြုလုပ်

**ရေတာရှည် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နန်းချွန်တောင်ကျေးရွာ၌ ဆောင်ရွက်မည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက နန်းချွန်တောင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ကျေးရွာကော်မတီဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ကျေးရွာကော်မတီဝင်များရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တောင်ငူခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်ရှိ ကျေးရွာ ၂၆ ရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကို ဆောင်ရွက်ခွင့်ရရှိကြောင်း၊ ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ စီကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နန်းချွန်တောင်ကျေးရွာ၌ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုပြီး ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၆-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၅ | ၂၆၄၅ | ၂၆၂၀ | ၂၅၇၅ | ၂၆၄၅ | ၂၆၆၀ | ၂၆၇၀ | ၂၆၂၅ | ၂၇၅၅ | ၂၇၈၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၇၀ | ၂၆၈၀ | ၃၀၉၀ | ၄၃၀၀ |
| 95 Ron | ၂၆၆၅ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၅ | ၂၈၅၅ | ၂၈၈၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၉၀ | ၄၄၅၀ |
| HSD (500 ppm) | ၂၃၃၀ | ၂၄၁၀ | ၂၃၈၅ | ၂၃၄၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၉၀ | ၂၅၂၀ | ၂၅၅၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၃၅ | ၂၄၄၅ | ၂၈၅၅ | ၄၄၀၀ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၃ | ၂၅၁၅ |
| 95 Ron | ၂၅၂၇ | ၂၆၁၁ |
| HSD (500 ppm) | ၂၂၀၄ | ၂၂၇၇ |
| HSD (50 ppm) | ၂၂၅၁ | ၂၃၂၅ |
| HSD (10 ppm) | ၂၂၅၁ | ၂၃၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ 110-Cလမ်း၊ 51×52လမ်းကြားနေ မောင်မောင်ရီ (ဘ) ဦးရန်စီလုံ(ခ)ဉာဏ်လင်းထွန်း (၁၃/လရန(နိုင်)၁၉၂၀၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-933538) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၀၂၇၈၉၀၀

## ဝန်ထမ်းအလိုရှိသည်

ခန်းစီးလိုက်ကာဆိုင်တွင် လုပ်ကိုင်ရန်

| | | |
|---|---|---|
| ၁။ | **အထွေထွေဝန်ထမ်း** | **(ကျား)** |
| ၂။ | **အရောင်းဝန်ထမ်း** | **(မ)** |

လိပ်စာ။ ။ D4/1 မြနန္ဒာလုံးချင်းအိမ်ယာ၊ လမ်းသွယ်(၂)၊ ဦးပွားဂုံးကျော်အရှေ့ဘက်၊ မန္တလေး။

ဖုန်း။ ။ 09-979638858
09-979628858

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အနောက်၊ အကွက်(၃၆၇)၊ ဇော်မင်းရပ်နေ ဦးကံကောင်း+ဒေါ်မြင့်မြင့်ခိုင် တို့၏သား **မောင်ဇော်နိုင်ထွန်း(၉/မဟမ(နိုင်)၀၄၆၄၀၃)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကံကောင်း (၅/အရတ(နိုင်)၀၃၃၂၂၇)**
**ဒေါ်မြင့်မြင့်ခိုင် (၉/မနတ(နိုင်)၀၃၇၅၉၇)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံ ရွှေနှင်းဆီရပ်ကွက်နေ ဦးအုန်းမြင့်+(ဒေါ်သန်းသန်းဆင့်) တို့၏သမီး **မမေဟန်နီခင် (၉/အမဇ(နိုင်)၀၈၈၅၁၀)** သည် မိဘစကားနားမထောင်ဘဲ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအုန်းမြင့် (၉/ညဥန(နိုင်)၀၈၅၇၇၇)**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်(၂၃၄)နေ မောင်ဟန်မင်းဆန်း၏ဖခင်အမည်မှာ ဦးလှဆန်း (ခ) ဦးကျော်ဆန်းဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှဆန်း(ခ)ဦးကျော်ဆန်းဝင်း(၈/မမန(နိုင်)၁၈၂၂၃၈)**

ကျောင်းဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်နိုင်

## အသက် (၆၂)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၅၈)၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၈၃ လမ်း၊ ၃၃×၃၄ လမ်းကြား၊ ထီးဝင်းရပ်နေ (ဦးကိုကို+ဒေါ်ကြူကြူ)၊ (ဦးဘကျော်+ဒေါ်သီသီ)တို့၏သမီး၊ ကိုမင်းသစ်ခ+မအိမြတ်ဖြူ၊ ကိုထက်နိုင်ဝင်း+မအိမြတ်သူ တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မြေး(၅)ယောက်တို့၏အဖွား **ကျောင်းဒါယိကာမကြီး ဒေါ်ညွန့်ညွန့်နိုင် အသက်(၆၂)နှစ်** သည် ၁၃၈၆ ခု၊ ကဆုန်လပြည့်ကျော်(၁၂)ရက်၊ ၃-၆-၂၀၂၄ (တနင်္လာနေ့)၊ နံနက် (၇း၄၅)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၃၈၆ ခု၊ ကဆုန်လပြည့်ကျော် (၁၃)ရက်၊ ၄-၆-၂၀၂၄ (အင်္ဂါနေ့)၊ နံနက် (၁၀း၀၀)နာရီအချိန်တွင် အထက်ပါနေအိမ်မှ "အေးရိပ်ငြိမ်-သုသာန်"သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

❖ လက်ရှိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင်လုပ်ဆောင်နေသော အဖျက်လုပ်ငန်းများကို ကာကွယ်လျက်ရှိသည့် တပ်မတော်သားများ၊ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ ရှေ့တန်းကျကျ ရဲဝံ့စွန့်စားစွာတာဝန်ထမ်းဆောင်မှုများသည် သမိုင်းဝင်လုပ်ရပ်များဖြစ်...

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၄)တွင် ရှင်းလင်းတင်ပြမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။



## မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ တေဟုန်ပြည်နယ်ခွဲသို့ သွားရောက်လေ့လာပြီး ပြည်သူချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တေဟုန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲအစိုးရအဖွဲ့မှ ဖိတ်ကြားချက်အရ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ စီစဉ်မှုဖြင့် ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ မူဆယ်ခရိုင်တာဝန်ခံ ဦးခင်ဦး(ခ)ဦးရှင်ဖူး ဦးဆောင်သောအဖွဲ့ဝင် ၂၂ ဦးသည် မေ ၂၉ ရက်က မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် မန်စီမြို့သို့ ထွက်ခွာခဲ့သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့၏ မေ ၂၉ ရက်မှ ဇွန် ၂ ရက်ထိ ငါးရက်ကြာ ခရီးစဉ်အတွင်း

**စာမျက်နှာ ၂၁ ကော်လံ ၂**☆

## ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်အောင် ပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၃**

၁။ နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အနှောင့်အယှက်အဟန့်အတားဖြစ်စေရန်ရည်ရွယ်၍ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမတည်မငြိမ်ဖြစ်စေရန် လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ဝါဒဖြန့်ချိဈေးကစားခြင်း၊ ထို့ပြင် နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရှိသည့် Money Changer အချို့သည်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းသတ်မှတ်ချက်များကို ချိုးဖောက်၍ နိုင်ငံခြားငွေလဲလှယ်နှုန်းများအားဈေးကစားပြီး နိုင်ငံ့စီးပွားရေးမငြိမ်မသက်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁**❑

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၃**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
SIN MINN BEST QUALITY CEMENT ASTM C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
SIN MINN BEST QUALITY CEMENT ASTM C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ